ပြည်ထောင်စုလွှတ်တော်ရုံး
သုတေသနဌာန

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်

# စင်ကာပူနိုင်ငံ၏ လွှတ်တော်ဆိုင်ရာအကြောင်းအရာများ

## အကျဉ်းချုပ်

စင်ကာပူနိုင်ငံ၏ လွှတ်တော်သည် Westminster System ၏ ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောလွှတ်တော်ဖြစ်သည်။ ထိုကဲ့သို့ Westminster လွှတ်တော် အစဉ်အလာ၏ ဩဇာသက်ရောက်မှု ရှိသော်လည်း၊ စင်ကာပူလွှတ်တော်သည် လုပ်ငန်းဆောင်ရွက်မှုများတွင် ယင်း၏ ကိုယ်ပိုင်သီးသန့် လုပ်နည်းလုပ်ဟန်များကို ဖော်ထုတ်ကျင့်သုံးပါသည်။ ထိုလုပ်နည်းလုပ်ဟန်များသည် စင်ကာပူလွှတ်တော်၏ ကိုယ်ပိုင်အစဉ်အလာများ၊ လွှတ်လပ်ရေးရချိန်မှစ၍ လွှတ်တော်တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ထင်ဟပ်လျက်ရှိပါသည်။

စင်ကာပူနိုင်ငံသည် လွှတ်တော်တစ်ရပ်စနစ်ဖြစ်ပြီး၊ လွှတ်တော်သက်တမ်းသည် (၅) နှစ်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦးဖြင့် ဖွဲ့စည်းထားပြီး၊ လက်ရှိကာလတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ဦးရေသည် ၂၄ ဦးပါ ရှိသဖြင့်၊ ရာခိုင်နှုန်းအားဖြင့် ၂၃.၈ ရာခိုင်နှုန်းပါဝင်သည်။ စင်ကာပူနိုင်ငံ၏ နိုင်ငံရေးစနစ်သည် အုပ်ချုပ်ရေးကဏ္ဍအပေါ်တွင် အလေးထားသည်။ နိုင်ငံတော်အကြီးအကဲဖြစ်သည့် သမ္မတကို ပြည်သူတို့က တိုက်ရိုက် ရွေးချယ်တင်မြှောက်ပြီး၊ သမ္မတတွင် ဗီတိုအာဏာရှိသည်။အာဆီယံပါလီမန်များညီလာခံကို ၆ ကြိမ် တိုင်တိုင် လက်ခံကျင်းပခဲ့ပါသည်။

သုတေသနစာတမ်းတို အမှတ် (၃၆)

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | နိဒါန်း | ၁ |
| ၁ | နောက်ခံသမိုင်းကြောင်း | ၂ |
| ၂ | ရွေးကောက်ပွဲစနစ် | ၃ |
| ၃ | နိုင်ငံရေးစနစ်နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ | ၅ |
| ၄ | လွှတ်တော်၏အခန်းကဏ္ဍ | ၈ |
| ၅ | AIPA နှင့် ASEAN ရေးရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ချက်များ | ၂၇ |
| - | နိဂုံး | ၃၀ |

# စင်ကာပူနိုင်ငံ၏လွှတ်တော်ဆိုင်ရာအကြောင်းအရာများ

## နိဒါန်း

၁။ စင်ကာပူနိုင်ငံသည် သေးငယ်၍ ထူထပ်သော မြို့ပြလူနေမှုရှိပြီး၊ အရှေ့တောင်အာရှတွင် ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ မလေးရှားနှင့်အင်ဒိုနီးရှားတို့အကြား မလေးကျွန်းဆွယ်၏ တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသည်။[1] နိုင်ငံအကျယ်အဝန်းမှာ ၆၄၇.၅ စတုရန်း ကီလိုမီတာရှိသည်။[2] စင်ကာပူ၏ ရုံးသုံးဘာသာများမှာ အင်္ဂလိပ်၊ မလေး၊ မန်ဒရင်တရုတ်၊ ကလယ်ဘာသာတို့ဖြစ်ပြီး တရုတ်လူမျိုး ၇၆.၈ ရာခိုင်နှုန်း၊ မလေးလူမျိုး ၁၃.၉ ရာခိုင်နှုန်း၊ ကုလားလူမျိုး ၇.၉ ရာခိုင်နှုန်းနှင့် အခြားလူမျိုး ၁.၄ ရာခိုင်နှုန်းတို့ နေထိုင်ကြပါ သည်။ စင်ကာပူနိုင်ငံ၏ ရာသီဥတုသည် အပူချိန်နှင့် လေဖိအားညီမျှစွာရှိပြီး၊ စိုစွတ်ထိုင်းမှိုင်း၍ မိုးရေချိန် လုံလောက်စွာရရှိသည်။ ကိုးကွယ်မှုတွင် ဗုဒ္ဓဘာသာအများဆုံးဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၄၂.၅ ရာခိုင်နှုန်းဖြစ်သည်။ မူဆလင်ဘာသာဝင်များမှာ ၁၄.၉ ရာခိုင်နှုန်းဖြစ်ပြီး၊ အခြားဘာသာ ကိုးကွယ်သူများလည်းရှိသည်။[3] အဓိကပို့ကုန်ပစ္စည်းများမှာ စက်ပစ္စည်းများ၊ ဆက်သွယ်ရေး အတတ်ပညာဆိုင်ရာပစ္စည်းများ၊ ဆေးပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများ၊ သန့်စင်ပြီး ရေနံပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဖြစ်ပြီး၊ အဓိက သွင်းကုန်ပစ္စည်းများမှာ စက်ပစ္စည်းများ၊ သတ္တုလောင်စာများ၊ ဓာတုပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သည်။[4]

၂။ စင်ကာပူနိုင်ငံသည် စက်တင်ဘာ ၂၁ ရက် ၁၉၆၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂသို့ ဝင်ရောက်ခဲ့သည်။ အရှေ့တောင်အာရှတွင် စင်ကာပူနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် အမြင့်ဆုံးအဆင့်ရှိသည်။[5] ကမ္ဘာပေါ်တွင် စင်ကာပူနိုင်ငံသည် လာဘ်စားမှု အနည်းဆုံးနိုင်ငံစာရင်းတွင်ပါဝင်ပြီး၊ အဂတိလိုက်စားမှုကို ဆန့်ကျင်သော ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုထားသည်။[6]

---

[1] Available from http://en.academic.ru/dic.nsf/enwiki/11553779(viewed 3rd March 2017)

[2] Available from https://www.singaporeexpats.com/about-singapore/climate-and-location.htm (viewed 3rd March 2017)

[3] Available from https://www.guidemesingapore.com/relocation/introduction/climate-in-singapore (viewed 3rd March 2017)

[4] Available from http://www.nationsonline.org/oneworld/singapore.htm (viewed 6th March 2017)

[5] Available from http://www.encyclopedia.com/places/asia/malaysia-and-singapore-political-geography/singapore (viewed 17 June 2017)

[6] Available from http://www.business-anti-corruption.com/country (viewed 24 May 2017)

## အခန်း(၁)
## နောက်ခံသမိုင်းကြောင်း

၃။ စင်ကာပူနိုင်ငံသည် ခေတ်သစ်မြို့ပြနိုင်ငံအဖြစ်သို့ ရောက်ရှိလာရန်အတွက် ရှုပ်ထွေးသော သမိုင်းဆင့်ကဲဖြစ်စဉ်ကို ဖြတ်သန်းခဲ့ရပါသည်။ စင်ကာပူကို ၁၉ ရာစုနှစ်အတွင်း ၁၈၁၉ ခုနှစ်တွင် ဗြိတိသျှကိုလိုနီအရာရှိ Mr. Thomas Starnford Raffles က ဗြိတိသျှအင်ပါယာ၏ ကုန်သွယ်ရေး ဆိပ်ကမ်းမြို့အဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ ထို့နောက် ၁၈၂၆ ခုနှစ်မှစ၍ စင်ကာပူကို ဗြိတိသျှ ရေလက်ကြားများ အခြေချဒေသအဖြစ် ဒေသအတွင်းရှိ အခြားကုန်သွယ်ရေး ဒေသများနှင့်အတူ အုပ်ချုပ်ခဲ့ပါသည်။[7]

၄။ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် ၁၉၆၃ ခုနှစ် အထိ စင်ကာပူကို မလေးရှား၏ ဒေသများနှင့်အတူ အုပ်ချုပ်ခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် မလေးရှားကျွန်းဆွယ်ရှိ ဗြိတိသျှကိုလိုနီနယ်မြေများသည် လွတ်လပ်သော မလေးရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိတ်အပိုင်းများ ဖြစ်လာကြပါသည်။ ၁၉၄၈ ခုနှစ် မှ စ၍ စင်ကာပူမြို့သားများသည် စင်ကာပူမြို့ ဥပဒေပြုကောင်စီ၏ ကန့်သတ်ထားသော ကောင်စီဝင် ဦးရေကို ရွေးကောက်တင်မြှောက်ခွင့် ရရှိခဲ့ပါသည်။ ၁၉၅၉ ခုနှစ်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲ မှစ၍ စင်ကာပူလွှတ်တော်၏ဖွဲ့စည်းပုံအပေါ်တွင် ပြည်ပမှ ဩဇာလွှမ်းမိုးမှု မရှိတော့ပါ ။ ၁၉၆၃ ခုနှစ်တွင် စင်ကာပူသည် မလေးရှားဖက်ဒရေးရှင်းနိုင်ငံ တည်ထောင်ရန်အတွက် Malaya ဖက်ဒရေးရှင်း၊ Sarawak၊ North Barnee တို့နှင့် ပူးပေါင်းခဲ့ပါသည်။

၅။ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံ နိုင်ငံရေးခေါင်းဆောင်များအကြား တင်းမာမှုများ ဖြစ်ပွားခြင်း၊ လူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပွားခြင်းတို့ကြောင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် စင်ကာပူသည် မလေးရှားနိုင်ငံမှ ခွဲထွက်ခဲ့ပြီး လုံးဝလွတ်လပ်သော သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့ပါသည်။[8] ထိုအချိန်မှစ၍ စင်ကာပူနိုင်ငံကို ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party) (PAP) က အုပ်ချုပ်ခဲ့ပါသည်။ ၁၉၅၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ တာဝန်ယူခဲ့သော ပထမဆုံးဝန်ကြီးချုပ်မှာ Mr.Lee Kuan Yew ဖြစ်ပါသည်။[9]

---

[7] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

[8] ibid

[9] ibid

## အခန်း(၂)

## ရွေးကောက်ပွဲစနစ်

၆။ လွတ်လပ်ရေးရပြီးသည့်နောက် ပထမဆုံး အထွေထွေရွေးကောက်ပွဲကို ၁၉၆၈ ခုနှစ် တွင် ကျင်းပခဲ့ပါသည်။ ထိုအချိန်မှစ၍ ပြည်သူ့လှုပ်ရှားမှုပါတီသည် အာဏာရပါတီဖြစ်လာခဲ့ပါသည်။ ထိုပါတီသည် စင်ကာပူနိုင်ငံ တည်ထောင်ချိန်မှစ၍ ယနေ့ကာလအထိ အချိန်တစ်ဆက်တည်း အစိုးရဖွဲ့နိုင်သော ပါတီအဖြစ် ရပ်တည်လျက် ရှိပါသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပခဲ့ပါသည်။[10]

၇။ ရွေးကောက်ပွဲများကို ၅ နှစ်လျှင် တစ်ကြိမ် ကျင်းပပါသည်။ ရွေးကောက်မှုပုံစံစနစ်သည် နိုင်သူအကုန်ယူစနစ်ဖြစ်ပါသည်။ ပါလီမန်သက်တမ်းတစ်ခုနှင့်တစ်ခုအကြားတွင် ပါလီမန်ကို ရုပ်သိမ်းပြီး၊ (၃) လ အတွင်း အထွေထွေရွေးကောက်ပွဲကို ကျင်းပပါသည်။ စင်ကာပူပါလီမန်၏ ပါလီမန်အမတ်များမှာ ရွေးကောက်ခံအမတ်များ၊ မဲဆန္ဒနယ်မြေ မရှိသောအမတ်များ (Non-constituency Members of Parliament)၊ အမည်စာရင်း တင်သွင်းခံအမတ်များ (Nominated Members of Parliament) တို့ဖြစ်ကြပါသည်။

၈။ အမတ်အများစုသည် နိုင်သူအကုန်ယူစနစ် (fast-past-the-post) ကျင့်သုံးသည့် အထွေထွေရွေးကောက်ပွဲဖြင့် ရွေးကောက်ခြင်းခံရသူများဖြစ်ပြီး၊ ကိုယ်စားလှယ်တစ်ဦးတည်းသာ ရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ်များ (Single Member Constituencies- SMCs) သို့မဟုတ် အဖွဲ့လိုက်ကိုယ်စားပြုသည့် မဲဆန္ဒနယ်များ (Group Representation Constituencies- GRCs) ကို ကိုယ်စားပြုသူများဖြစ်ပါသည်။ ပါလီမန်အမတ်များသည် ပြည်သူလူထုနှင့် အစိုးရကြား ပေါင်းကူးတံတားကဲ့သို့ လုပ်ဆောင်ပေးရသူများဖြစ်ပါသည်။[11]

### ရွေးကောက်ခံအမတ်များ

၉။ အဖွဲ့လိုက် ကိုယ်စားပြုသည့် မဲဆန္ဒနယ်များ (Group Representation Constituencies- GRC) စနစ်ဖြင့် ရွေးကောက်ရာတွင် နိုင်ငံရေးပါတီများသည် အမတ်လောင်း ၃ ဦးမှ ၆ ဦး အထိ ပါဝင်သော အဖွဲ့ကို တင်သွင်းကြပါသည်။ အဆိုပါအဖွဲ့တွင် လူနည်းစုမျိုးနွယ် အနည်းဆုံးတစ်ဦး ပါဝင်ရမည် ဖြစ်ပါသည်။ ဤသို့သတ်မှတ်ထားခြင်းသည် လူနည်းစုမျိုးနွယ်များ ပါလီမန်တွင် ပါဝင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အဖွဲ့လိုက်ကိုယ်စားပြုသည့်

[10] AIPA အဖွဲ့ဝင်လွှတ်တော်များ၏ နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[11] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။

မဲဆန္ဒနယ် အစုအဖွဲ့ ၁၆ ဖွဲ့နှင့် ကိုယ်စားလှယ် တစ်ဦးတည်းသာ ရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ် ၁၃ ခု တို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပါသည်။[12]

## မဲဆန္ဒနယ်မြေမရှိသောအမတ်များ (NCMPs)

၁၀။ မဲဆန္ဒနယ်မြေမရှိသော အမတ်များကို အတိုက်အခံနိုင်ငံရေးပါတီများမှ ၉ ဦး အထိ ခန့်အပ်နိုင်သည်။ ရွေးကောက်ခံရသော ကိုယ်စားလှယ်များ မပါဝင်ပါ။ ရည်ရွယ်ချက်မှာ အစိုးရအဖွဲ့မှ မဟုတ်သော ကိုယ်စားလှယ် အရေအတွက် ပါဝင်မှု အနည်းဆုံးဖြစ်စေရန် ဖြစ်ပါသည်။

## အမည်စာရင်းတင်သွင်းခံအမတ်များ

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်တွင် လွှတ်တော်ဆိုင်ရာ အထူးရွေးချယ်ရေး ကော်မတီ၏ အဆိုပြုချက်နှင့် သမ္မတ၏ သဘောတူညီချက်တို့ဖြင့် "အမည်စာရင်း တင်သွင်းခံရသော ကိုယ်စားလှယ်" အများဆုံး ၉ ဦးကို အမည်စာရင်း တင်သွင်းနိုင်ပါသည်။ ထိုသို့ပါဝင်စေခြင်းကို ၁၉၉၀ ခုနှစ် က စတင်ခဲ့ပြီး၊ ပါလီမန်တွင် လူထု၏သဘောထားများ ပိုမိုပါဝင်ကိုယ်စားပြုရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းခံအမတ်များကို ပါလီမန်ဥက္ကဋ္ဌ ခေါင်းဆောင်သည့် ပါလီမန်အထူးကော်မတီ၏ ထောက်ခံချက်ဖြင့် သမ္မတက ၂ နှစ်ခွဲ သက်တမ်းအတွက် ခန့်အပ်နိုင်ပါသည်။ အမည်စာရင်း တင်သွင်းခံ အမတ်များသည် ပါလီမန်တွင် လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိပြီး၊ ပါတီစွဲမထားဘဲပါဝင်ကြပြီး၊ အများအားဖြင့် အရပ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ရွေးချယ်လေ့ရှိကြပါသည်။ ၎င်းတို့သည် ပါလီမန်တွင် မဲပေးခွင့်မရှိ၊ ဆွေးနွေးခွင့်နှင့် မေးခွန်းများ မေးမြန်းခွင့်သာ ရှိပါသည်။[13]

၁၂။ အဆိုပါ ကိုယ်စားလှယ်များကို လွှတ်တော်၌ ဘက်မလိုက်သော သဘောထားအမြင်များကို ကိုယ်စားပြုရန်အတွက် ရွေးချယ်ထားခြင်း ဖြစ်ပါသည်။ ထိုသို့သော ကိုယ်စားလှယ်အမျိုးအစားသည် လွှတ်တော်၌ မပါဝင်သည့် အခြေအနေလည်းရှိနိုင်သည်။[14]

၁၃။ မဲဆန္ဒနယ်မရှိသော ကိုယ်စားလှယ်များနှင့် အမည်စာရင်း တင်သွင်းခြင်းခံရသော ကိုယ်စားလှယ် များသည် လွှတ်တော်၏ ပုံမှန်လုပ်ဆောင်ချက်များ၌ ပါဝင်ဆောင်ရွက်နိုင်ပါသည်။ သို့သော် ယင်းတို့ သည် ဘတ်ဂျက်နှင့် အခြေခံဥပဒေပြင်ဆင်ရေးတို့ကဲ့သို့ အရေးကြီးသည့် ကိစ္စများ၌ မဲပေးခွင့် မရှိပါ။[15]

[12] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။
[13] ibid
[14] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[15] ibid

၁၄။ စင်ကာပူနိုင်ငံတွင် အတိုက်အခံပါတီများ ရှိသော်လည်း ထိုပါတီများသည် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြပါသည်။ ထို့ကြောင့် မည်သည့်မဲဆန္ဒနယ်၌မဆို အတိုက်အခံပါတီ တစ်ခုသာလျှင် ပြည်သူ့လုပ်ရှားမှုပါတီနှင့် ယှဉ်ပြိုင်လေ့ရှိပါသည်။ အတိုက်အခံပါတီများအနက် အလုပ်သမားပါတီသည် အင်အားအကောင်းဆုံး ဖြစ်ပါသည်။

၁၅။ ၁၉၉၃ ခုနှစ်မှစ၍ စင်ကာပူနိုင်ငံ၏ သမ္မတကို နိုင်ငံသားများက တိုက်ရိုက်ရွေးကောက်တင်မြှောက်ပါသည်။ သမ္မတလောင်းများသည် အစိုးရကဏ္ဍ (သို့မဟုတ်) ပုဂ္ဂလိက ကဏ္ဍ၌ အရေးကြီးသော ဘဏ္ဍာရေးတာဝန်များကို အဆင့်မြင့်ရာထူး၌ ထမ်းဆောင်ခဲ့သူများ ဖြစ်ရပါမည်။[16]

## အခန်း (၃)
## နိုင်ငံရေးစနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ

### နိုင်ငံရေးစနစ်

၁၆။ အခြားသော Westminster စနစ်များကဲ့သို့ပင် စင်ကာပူ၏နိုင်ငံရေးစနစ်သည် အစိုးရအဖွဲ့အား "နိုင်ငံရေးစွမ်းအားနှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအပေါ် ဩဇာသက်ရောက်နိုင်မှု" တို့ကို ပေးအပ်ထားပါသည်။ အုပ်ချုပ်ရေးကဏ္ဍကို အလေးပေးသော နိုင်ငံရေးစနစ်ဖြစ်ပါသည်။

၁၇။ ရွေးကောက်တင်မြှောက် ဖွဲ့စည်းထားသော ခရိုင်ကောင်စီများမရှိပါ။ အစဉ်အလာအရဖြစ်သော ဒေသဆိုင်ရာ အစိုးရ၏လုပ်ငန်းတာဝန်များကို အစိုးရအေဂျင်စီများ၏ လုပ်ငန်းများ၊ အချို့သော နိုင်ငံရေးအာဏာများရှိသည့် အဖွဲ့အစည်းများတွင် ဌာနခွဲများ၏ လုပ်ငန်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆန္ဒနယ်ဆိုင်ရာ လုပ်ငန်းများတွင် ထည့်သွင်းထားပါသည်။[17]

၁၈။ သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများပါ တာဝန်များကို ထမ်းဆောင်ကြောင်း (စင်ကာပူနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်-၁၇)၊ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သမ္မတလောင်းများအား အရည်အချင်းပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ကြောင်း၊ သမ္မတ၏သက်တမ်းသည် (၆) နှစ်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပါလီမန် အမတ်တစ်ဦး၏ အရည်အချင်းများနှင့် ပြည့်မီမှသာ သမ္မတအဖြစ် ရွေးချယ်ခံရမည် ဖြစ်ပါသည်။ သမ္မတဖြစ်ရန် အရည်အချင်းများမှာ-

(က) စင်ကာပူနိုင်ငံသားဖြစ်ရမည်။

---

[16] AIPA အဖွဲ့ဝင်လွှတ်တော်များ၏ နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[17] ibid

( ခ ) အနည်းဆုံး အသက် ၄၅ နှစ် ရှိရမည်။

( ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ် ၄၄ (၂) (ဂ) နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့် ပြည့်မီရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ် ၄၅ ပါ အရည်အချင်း ပျက်ယွင်းချက်များနှင့် သက်ဆိုင်သူမဖြစ်ရ။

( င ) ဂုဏ်သိက္ခာရှိသူ၊ စာရိတ္တကောင်းသူ၊ ဂုဏ်သတင်းကျော်ကြားသူအဖြစ် သမ္မတ ရွေးချယ်ရေးအဖွဲ့က အသိအမှတ်ပြုခံရသူ။

( စ ) သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသည့်နေ့မှစ၍ နိုင်ငံရေး ပါတီဝင် အဖြစ်မှ နုတ်ထွက်ပြီးဖြစ်ရမည်။

(ဆ) အောက်ပါရာထူးများတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ခဲ့သူ-

(၁) ဝန်ကြီး၊ တရားသူကြီးချုပ်၊ ပါလီမန်ဥက္ကဋ္ဌ၊ ရှေ့နေချုပ်၊ ပြည်သူ့ဝန်ဆောင်မှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် သို့မဟုတ် အမြဲတမ်းအတွင်းဝန်ရာထူး။

(၂) Statutory Board အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အုပ်ချုပ်ရေးအရာရှိချုပ်။

(၃) စင်ကာပူဒေါ်လာ ၁၀၀ သန်း ငွေလုံးငွေရင်းပေးသွင်းပြီး စင်ကာပူကုမ္ပဏီ အက်ဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ် သို့မဟုတ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ။

(၄) အထက်ပါအပိုဒ် (၁)၊ (၂)၊ (၃) ပါရာထူးများနှင့်အလားတူသည့် ရာထူးဟု သမ္မတရွေးချယ်ရေးအဖွဲ့က သတ်မှတ်ခြင်းခံရသူ။

၁၉။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသည် အမျိုးသားသီးသန့်ရန်ပုံငွေကို စောင့်ရှောက်သူသာ ဖြစ်ပြီး နိုင်ငံကို အဓိကအုပ်ချုပ်ပြီး ပါလီမန်ကို တာဝန်ခံသူများမှာ ဝန်ကြီးချုပ်နှင့်ဝန်ကြီးအဖွဲ့သာ ဖြစ်ကြောင်း၊ သမ္မတသည် စင်ကာပူပြည်သူများနှင့် အခြားနိုင်ငံရှိ ပြည်သူများအကြား ချစ်ကြည် ရင်းနှီးမှုရှိစေရန် ဆောင်ရွက်ရကြောင်း၊ နိုင်ငံ့ကိုယ်စား အလှူအတန်းနှင့် လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရကြောင်း၊ သမ္မတတွင် ဆုံးဖြတ်ပိုင်ခွင့်အာဏာနှင့် အတည်ပြုပိုင်ခွင့်အာဏာ နှစ်မျိုးရှိကြောင်း၊ သမ္မတ၏ ဆုံးဖြတ်ပိုင်ခွင့်အာဏာ အသုံးပြုနိုင်သောကိစ္စများမှာ-

(က) အမျိုးသားရန်ပုံငွေကို အသုံးပြုခြင်း၊

( ခ ) Statutory Board ၏ အဓိကရာထူးနေရာများ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း အဓိက ရာထူးနေရာများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊

( ဂ ) Central Provident Fund Board အဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုကို ပြောင်းလဲခြင်း၊

( င ) Maintenance of Religious Harmony Act အရ တားမြစ်မိန့်များထုတ်ပြန်ခြင်း၊ ရုပ်သိမ်းခြင်း၊

( စ ) Internal Security Act အရ သံသယရှိသူများကို ဆက်လက်ထိန်းသိမ်းထားရှိသည့် ကိစ္စများ၊

(ဆ) Corrupt Practices Investigation Bureau ၏ စုံစမ်းစစ်ဆေးခြင်းကို ငြင်းပယ်သည့် ကိစ္စများဖြစ်ပါသည်။

၂၀။ သမ္မတသည် နိုင်ငံ၏ အကြီးအကဲဖြစ်ပြီး နိုင်ငံတော်အခမ်းအနားများတွင် အဓိက တာဝန်ယူရပါသည်။ သို့သော် သမ္မတတွင် အပြစ်ဒဏ် (ထောင်ဒဏ်) ချမှတ်ပိုင်ခွင့် အာဏာများ ရှိပါသည်။ သမ္မတသည် အစိုးရနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ဘုတ်အဖွဲ့များရှိ အဓိက ရာထူးများ၌ ခန့်အပ်မှုများကို ပယ်ဖျက်နိုင်သည့် ဗီတို အာဏာ ရှိပါသည်။

၂၁။ သမ္မတတွင် ယင်း၏လက်ရှိရာထူး သက်တမ်းကာလမတိုင်မီက စုစည်းဖြစ်ပေါ်လာခဲ့သည့် သီးသန့်ရန်ပုံငွေများကို အသုံးပြုရန် အစိုးရ သို့မဟုတ် ဥပဒေအရ ဖွဲ့ထားသည့် ဘုတ်အဖွဲ့များ၏ မည်သည့်ကြိုးပမ်းချက်ကိုမဆို ပယ်ဖျက်နိုင်သည့် ဗီတိုအာဏာရှိပါသည်။ ဝန်ကြီးချုပ်ကို သမ္မတက ခန့်အပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များအရ ၁၉၉၁ ခုနှစ် မှစ၍ နိုင်ငံအကြီးအကဲကို ပြည်သူတို့က တိုက်ရိုက်ရွေးကောက် တင်မြှောက်ပါသည်။[18]

၂၂။ စင်ကာပူဝန်ကြီးချုပ်နှင့် ဝန်ကြီးများခန့်အပ်ရာတွင် ပါလီမန်ရှိအမတ်များထဲကသာ ရွေးချယ်ခန့်အပ်ပါသည်။ လက်ရှိစင်ကာပူဝန်ကြီးချုပ်နှင့် ဝန်ကြီးများမှာ အနိုင်ရပါတီ People's Action Party မှ ပါလီမန်အမတ်များဖြစ်ကြပါသည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပါလီမန် အမတ်များအတွက် ခွင့်ပြုငွေအပြင် ဝန်ကြီးလစာကိုပါ ခံစားခွင့်ရှိကြပါသည်။ ပါလီမန်တွင် အမတ်နေရာ (၁၀၁) နေရာရှိပြီး၊ အမတ်နေရာ (၈၃) နေရာမှာ People' Action Party (အနိုင်ရပါတီ) မှ ကိုယ်စားလှယ်များ၊ (၆) နေရာမှာ Worker's Party (အတိုက်အခံပါတီ)မှ ကိုယ်စားလှယ်များ၊ (၃) နေရာမှာ Non-constituency Members of Parliament ၊ ( ၉) နေရာမှာ Nominated Members of Parliament တို့ဖြစ်ကြပါသည်။[19]

---

[18] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၉။
[19] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။

## ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၃။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို စင်ကာပူနိုင်ငံ လွတ်လပ်ရေးရခဲ့သည့် ၁၉၆၅ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။ အခြေခံဥပဒေတွင်ပါရှိသည့် အရေအတွက် အနည်းငယ်သာရှိသော အဓိကကျသည့် ပုဒ်မများနှင့် အခြေခံမူများကို ပြင်ဆင်လိုပါက ပြည်လုံးကျွတ်ဆန္ဒမဲခံယူပွဲ ကျင်းပခြင်းဖြင့်သာ ပြင်ဆင်နိုင်ပါသည်။ ပုံမှန်ပြုလုပ်နေကျဖြစ်သော အခြေခံဥပဒေ ပြင်ဆင်ချက်များကို အတည်ပြုရန်အတွက် လွှတ်တော်ရှိ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ သုံးပုံနှစ်ပုံ အများစု ထောက်ခံမဲ ရရှိရန် လိုအပ်ပါသည်။[20] ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေတစ်ခုကို (၁) လ အတွင်း ပြင်ဆင်နိုင်ပါသည်။[21] စင်ကာပူနိုင်ငံ၏ ဆောင်ပုဒ်မှာ “ရှေ့သို့ချီလော့စင်ကာပူ” ဟူ၍ဖြစ်သည်။ စင်ကာပူသည် ယင်း၏နှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်သော ဩဂုတ်လ ၉ ရက်တွင် အမျိုးသားနေ့ အခမ်းအနားကို နှစ်စဉ် ကျင်းပပါသည်။[22]

## အခန်း(၄)
## လွှတ်တော်၏ အခန်းကဏ္ဍ

၂၄။ ၁၈၆၇ ခုနှစ်မှစ၍ ပါလီမန်စနစ်စတင်ခဲ့ပြီး၊ ယခုပါလီမန်အဆောက်အဦသစ်ကို ၁၉၉၉ ခုနှစ်မှ စတင်အသုံးပြုလျက်ရှိပါသည်။ စင်ကာပူလွှတ်တော်သည် Westminster System ၏ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက် ရှိပါသည်။ အဆိုပါစနစ်တွင် လွှတ်တော်အမတ်များအား အထွေထွေရွေးကောက်ပွဲများဖြင့် မဲပေးရွေးချယ်ကြရပြီး၊ လွှတ်တော်တွင် မဲအများဆုံးရရှိသော နိုင်ငံရေးပါတီ၏ ခေါင်းဆောင်အား ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ရန် သမ္မတက တောင်းဆိုနိုင်ပါသည်။ ထို့နောက် ဝန်ကြီးချုပ်က အစိုးရအဖွဲ့ ဖွဲ့စည်းရန်အတွက် ဝန်ကြီးများအား ရွေးချယ် ခန့်အပ်ပါသည်။[23] ပထမအကြိမ်လွှတ်တော်စတင်သည့်အခါ ပါလီမန်အမတ်များ ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် ပါလီမန်ဥက္ကဋ္ဌကို ရွေးချယ်ခန့်အပ်ပါသည်။ ပါလီမန်၏သက်တမ်းသည် အထွေထွေ ရွေးကောက်ပွဲပြီးနောက် ပါလီမန်စတင်သည့်နေ့မှစ၍ (၅) နှစ် သက်တမ်း ဖြစ်ပါသည်။ စင်ကာပူ လွှတ်တော်သည် လွှတ်တော်တစ်ရပ်တည်းရှိသော ဥပဒေပြု အဖွဲ့အစည်းဖြစ်ပြီး၊ လုပ်ငန်းတာဝန်များသည် ဥပဒေပြုရေးအပါအဝင် နိုင်ငံ၏ ဘဏ္ဍာငွေကို ထိန်းချုပ်ခြင်း၊ ဝန်ကြီးများ၏ တာဝန် ယူနိုင်စွမ်းတို့ကိုပါ သေချာ

[20] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[21] ဒေါ်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။
[22] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[23] ဒေါ်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။

စေသည်။ ပါလီမန်နှင့် သမ္မတနှစ်ဦးပေါင်းကို ဥပဒေပြုအာဏာပိုင်ဟု ခေါ်ပါသည်။ ပါလီမန် တည်ဆောက်ပုံအဆင့်ဆင့်မှာ အစိုးရတွင်

(က) ဝန်ကြီးချုပ်၊

(ခ) အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ပြီး၊

(ဂ) ပါလီမန်ခေါင်းဆောင်၊

(ဃ) ပါတီဆော်သြသူ၊

(င) ပါလီမန်အမတ်များ၊

(စ) ရွေးကောက်ခံအမတ်များ၊

(ဆ) မဲဆန္ဒနယ်မြေမရှိသော အမတ်များ (non-constituency members of parliament) တို့ဖြစ်သည်။[24]

၂၅။ အစိုးရအဖွဲ့ဝင်များသည် နိုင်ငံရေး လုပ်ငန်းကို ယင်းတို့၏ အချိန်ပြည့် အလုပ်အဖြစ် ဆောင်ရွက်ပါသည်။ အာဏာရ ပါတီဖြစ်သော ပြည်သူ့လုပ်ရှားမှုပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းတို့စိတ်ဝင်စားသော အကြောင်းကိစ္စများ၊ မေးခွန်းများ၊ မဲဆန္ဒနယ်ဆိုင်ရာ ကိစ္စများကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အလွတ်သဘော ပေါင်းစပ်ညှိနှိုင်းပါသည် သို့မဟုတ် ဝန်ကြီးဌာနအလိုက် ဖွဲ့စည်းထားသော "အစိုးရ၏ လွှတ်တော်ရေးရာကော်မတီများ"နှင့် ညှိနှိုင်း ဆောင်ရွက်ပါသည်။ အစိုးရနှင့်"အစိုးရ၏ လွှတ်တော်ရေးရာ ကော်မတီများ"သည် ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်ကြပါသည်။[25]

၂၆။ လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၁၀၁ ဦး ရှိသည့်အနက် အမျိုးသမီးကိုယ်စားလှယ် ဦးရေသည် ၂၄ ဦးရှိပြီး၊ ရာခိုင်နှုန်းအားဖြင့် ၂၃.၈ ရာခိုင်နှုန်း ဖြစ်သည်။ ၈၉ ဦးကို တိုက်ရိုက် ရွေးကောက် တင်မြှောက်ပြီး၊ ၉ ဦးကို ခန့်အပ်ရာတွင် သမ္မတက နှစ်နှစ်ခွဲ သက်တမ်းအတွက် အမည်စာရင်း တင်သွင်းသည်။ ကျန် ၃ ဦးမှာ အထွေထွေရွေးကောက်ပွဲတွင် မဲရာခိုင်နှုန်း အများဆုံးဖြင့် ရရှိခဲ့သော်လည်း ရှုံးနိမ့်ခဲ့သော ကိုယ်စားလှယ်များအနက် မဲဆန္ဒနယ်မှ မဟုတ်သူများကို ခန့်အပ်သည်။ ထိုသို့ခန့်အပ်ရာတွင် ၉ ဦး အထိ ခန့်အပ်နိုင်သည်။ လက်ရှိကာလတွင် မဲဆန္ဒနယ်မရှိသော ကိုယ်စားလှယ် ၃ ဦးနှင့် အမည်စာရင်း တင်သွင်း ခံရသော ကိုယ်စားလှယ် ၉ ဦး ရှိပါသည်။[26]

[24] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။

[25] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

[26] Available from ,www.ipu.org (viewed 24 May 2017)

၂၇။ စင်ကာပူပါလီမန်အမတ်များသည် အချိန်ပိုင်း တာဝန်ထမ်းဆောင်သည့် အမတ်များ ဖြစ်ပါသည်။ အချိန်ပိုင်း တာဝန်ထမ်းဆောင်ရသည့်အတွက် လွှတ်တော်ကျင်းပခြင်းမရှိသည့် ကာလများတွင် ၎င်းတို့၏အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို လုပ်ကိုင်ခွင့် ရှိကြပါသည်။[27] ပါလီမန်အမတ်များအပေါ် ဩဇာသက်ရောက်သော ဝန်ကြီးချုပ်ကို သမ္မတက ခန့်အပ်ပြီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဝန်ကြီးချုပ်၏အကြံပေးချက်အရ သမ္မတကပါလီမန် အမတ်များထဲမှ ခန့်အပ်ပါသည်။ အစိုးရကိစ္စရပ်များ စီမံခန့်ခွဲရန်အတွက် ဝန်ကြီးအဖွဲ့ကို ဝန်ကြီးချုပ်က ဦးဆောင်ပြီး၊ ဝန်ကြီးအဖွဲ့သည် အစိုးရ၏ မူဝါဒများနှင့် နိုင်ငံ၏နေ့စဉ်လုပ်ဆောင်ချက်များအပေါ်တွင် တာဝန်ယူဆောင်ရွက်ရပြီး၊ ပါလီမန်ကိုလည်း တာဝန်ခံဆောင်ရွက်ရပါသည်။

၂၈။ တစ်ဦးချင်းစီဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များတွင် ဝန်ထမ်းဦးရေ အကန့်အသတ်ဖြစ်သာ ရှိပါသည်။ ထိုဝန်ထမ်းများသည် မဲဆန္ဒနယ်ဆိုင်ရာကိစ္စများအား စီမံခန့်ခွဲမှုကို ဦးတည်ဆောင်ရွက်ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ယင်းတို့၏ မဲဆန္ဒနယ်များတွင် ပြုလုပ်သည့်လူထုတွေ့ဆုံပွဲများ၌ ကိုယ်စားလှယ်များကို နိုင်ငံသားများက တွေ့ဆုံနိုင်ပါသည်။ သို့သော် နိုင်ငံသားတစ်ဦးချင်းကဖြစ်စေ၊ လူထုအကျိုးဆောင် အုပ်စုများ၏ ကိုယ်စားလှယ်များဖြစ်စေ လွှတ်တော်အတွင်း၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်း ပြုလုပ်လေ့ မရှိပါ။[28]

၂၉။ အစိုးရမူဝါဒနှင့် အဖွဲ့ဝင်အများစု၏ မူဝါဒတို့ကို ဝန်ကြီးချုပ်ရုံးကဖြစ်စေ၊ သက်ဆိုင်ရာဌာနများက ဖြစ်စေ ဆုံးဖြတ်ချမှတ်ပါသည်။ အတိုက်အခံကိုယ်စားလှယ်များသည် အလွတ်သဘောစုဖွဲ့ထားပါသည်။ ထိုကိုယ်စားလှယ်များသည် အစိုးရ၏အဆိုပြုချက်ကို အလုံးစုံ အတိုက်အခံပြုရန်အတွက် အစဉ်အလာအရ အလွန်နည်းပါးသော အရေအတွက်မျှသာ ရှိပါသည်။[29]

## ပါလီမန်ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များ

၃၀။ ပါလီမန်၏ဥက္ကဋ္ဌသည် ပါလီမန်အစည်းအဝေးများကို ကြီးကြပ်ပြီး ပါလီမန် လုပ်ငန်းများအတွက် ထုတ်ပြန်ထားသည့် တည်မြဲအမိန့်များပါ ပြဋ္ဌာန်းချက်များကို လိုက်နာကြစေရန် ကြီးကြပ်ဆောင်ရွက်ရပါသည်။ ပါလီမန်ဥက္ကဋ္ဌအား ပါလီမန်သက်တမ်းတစ်ရပ် စတင်သည့်နေ့တွင် ပါလီမန်အမတ်များကရွေးချယ်ကြပြီး၊ ပါလီမန်ဥက္ကဋ္ဌကို ပါလီမန် အမတ်များထဲကဖြစ်စေ၊ အမတ် မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်နိုင်ပါသည်။ ပါလီမန် ဥက္ကဋ္ဌအဖြစ် အမည်စာရင်း တင်သွင်းခံရသူသည်

---

[27] ဖော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။
[28] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[29] ibid

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပါလီမန် အမတ်တစ်ဦး၏အရည်အချင်းများနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။ စင်ကာပူနိုင်ငံတွင် ပါလီမန်ဥက္ကဋ္ဌအဖြစ် တရားသူကြီးတစ်ဦးက တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။

၃၁။ ပါလီမန်အစည်းအဝေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပါလီမန်ဥက္ကဋ္ဌသည် ပါလီမန်အမတ်များနှင့်စပ်လျဉ်း၍ ဘက်လိုက်မှုကင်းရှင်းပြီး၊ တရားမျှတစွာဆောင်ရွက်ရမည်ဟူ၍ ပြဋ္ဌာန်းထားပြီး၊ ပါလီမန်ဥက္ကဋ္ဌက ဆွေးနွေးခြင်း (Debate) များ ပြုလုပ်ရာတွင် စည်းမျဉ်းများ သတ်မှတ်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ဆွေးနွေးခြင်း (Debate) များတွင် မည်သူက ပြောကြားခွင့်ရှိသည်။ မေးမြန်းခွင့်ရှိသည်နှင့် မဲပေးခွင့်ရှိသည်တို့ကို ဥက္ကဋ္ဌက ဆုံးဖြတ်ပါသည်။ ဥက္ကဋ္ဌသည် ဆွေးနွေးခြင်း (Debate) တွင် ပါဝင်ခြင်းမရှိသော်လည်း၊ အဆိုအား ထောက်ခံ/ ပယ်ချရန်အတွက် မဲပေးနိုင်သလို၊ မဲမပေးဘဲလည်း နေခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၃၂။ အခြားနိုင်ငံများ၏ပါလီမန်များ၊ ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ရာတွင် ဥက္ကဋ္ဌက ပါလီမန်ကို ကိုယ်စားပြု၍ ဆက်သွယ်ဆောင်ရွက်ပါသည်။ ပြည်တွင်းအခမ်းအနားများကို ဥက္ကဋ္ဌက ပါလီမန်ကိုယ်စား တက်ရောက်ပြီး ပြည်ပသို့လည်း ပါလီမန်ကိုယ်စား သွားရောက်ပါသည်။ ဥက္ကဋ္ဌသည် ပါလီမန်စီမံခန့်ခွဲရေးနှင့် ပါလီမန်ရုံးစီမံခန့်ခွဲရေးကို ကြီးကြပ်သူဖြစ်ပြီး၊ ဥက္ကဋ္ဌကို ဒုတိယဥက္ကဋ္ဌနှစ်ဦးက အထောက်အကူပြုပေးရပါသည်။[30]

## ပါလီမန်အကြီးအကဲ

၃၃။ ပါလီမန်အကြီးအကဲကို ဝန်ကြီးချုပ်က ခန့်အပ်ပါသည်။ ပါလီမန်အကြီးအကဲသည် အစိုးရ၏ လုပ်ငန်းများကို စီစဉ်ခြင်းနှင့် ပါလီမန်၏ဥပဒေပြုလုပ်ငန်းစဉ်တို့အတွက် တာဝန်ရှိပါသည်။ အကြီးအကဲသည် ပါလီမန်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သင့်တော်သည့် လုပ်ဆောင်ချက်များကိုလည်း အဆိုပြုနိုင်ပြီး၊ ပါလီမန်အစည်းအဝေးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အဆိုများ တင်သွင်းနိုင်ပါသည်။ ဥပမာအားဖြင့် တည်မြဲအမိန့်တွင် ဖော်ပြထားသည့် ပုံမှန်အစည်းအဝေးကျင်းပချိန်ထက် ကျော်လွန်ကျင်းပလိုသည့် ကိစ္စရပ်များနှင့်၊ လက်တွေ့တွင် ပါလီမန်အကြီးအကဲသည် ပါလီမန်အစီအစဉ်များ ရေးဆွဲခြင်း၊ စည်းမျဉ်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ပြီး၊ ပါလီမန်ဥက္ကဋ္ဌက အဆိုပါကိစ္စရပ်များအား ကြီးကြပ်ခြင်းကိုသာ လုပ်ဆောင်ခြင်းတို့ဖြစ်ပါသည်။[31]

[30] ဖော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။
[31] ibid

၃၄။ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အနက်မှ ထင်ရှားသူများ ဖြစ်သောကြောင့် အစိုးရသည် လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်အား အဓိက တွန်းအားပေးသူ ဖြစ်ပါသည်။ အစိုးရက တင်သွင်းသော အဆိုများကို လွှတ်တော်တွင် အဓိက ပြောင်းလဲမှုများ မလုပ်ဘဲ သဘောတူ အတည်ပြုလေ့ရှိပါသည်။ လွှတ်တော်၏ အဓိက အစည်းအဝေး များကို လစဉ် ရက်အနည်းငယ်မျှသာ ကျင်းပလေ့ ရှိပါသည်။[32]

**ပါတီဆော်ဩသူ (party whip)**

၃၅။ ပါတီဆော်ဩသူ (party whip)သည် ပါတီတွင်း ဆက်ဆံရေးကောင်းမွန်စေရန်နှင့် ပါလီမန် အတွင်း ပါတီ၏ဆောင်ရွက်ချက်များ အဆင်ပြေစေရန် လုပ်ဆောင်ရသူ ဖြစ်ပါသည်။ ပါတီ ဆော်ဩသူသည် ပါလီမန်အချိန်ဇယားအတွင်း အဆင်ပြေစွာ ပြီးမြောက်စေရန်အတွက် ကိစ္စရပ် တစ်ခုစီနှင့်စပ်လျဉ်း၍ ပြောဆိုရမည့်လူစာရင်းကို ပြုစုခြင်း၊ တစ်ဦးလျှင် အချိန်မည်မျှပြောဆိုရမည် ကို သတ်မှတ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးပါသည်။ ပါလီမန်အမတ်များ စည်းကမ်းလိုက်နာ စေရန် ထိန်းကြောင်းပေးခြင်းနှင့် စပ်လျဉ်း၍ ပါလီမန်အတွင်း ပါတီ၏အနေအထား ကောင်းမွန် စေရန်အတွက် အမတ်များအား ထိန်းကျောင်းခြင်းနှင့် ပါတီအတွင်း မဲပေးရာတွင် ပါတီ၏မူဝါဒနှင့် အညီ ပေးရန်အတွက် ထိန်းကျောင်းခြင်းတို့ကို ဆောင်ရွက်ရပါသည်။ တခါတရံ ပါလီမန်အမတ် များအား ၎င်းတို့၏ဆန္ဒအတိုင်း မဲပေးခွင့်ကို ခွင့်ပြုထားကြောင်း သိရှိရပါသည်။ စင်ကာပူ ပါလီမန်၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စင်ကာပူပါလီမန်သည် ဥပဒေပြုခြင်း၊ မေးခွန်းများ မေးမြန်းခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။[33]

**လွှတ်တော်အစည်းအဝေးခန်းမအတွင်း ထိုင်ခုံနေရာချထားမှု**

၃၆။ စင်ကာပူပါလီမန်တွင် ပါလီမန်အမတ်များအား နေရာချထားမှုမှာ ဝန်ကြီးချုပ်နှင့် ဝန်ကြီး တာဝန် ထမ်းဆောင်လျက်ရှိသော အမတ်များအား ရှေ့ဆုံးတန်းတွင် ထားရှိပါသည်။ non-constituency member များအား နောက်ဆုံးတန်းတွင်ထားရှိပြီး၊ အနိုင်ရပါတီအမတ်များနှင့် အတိုက်အခံပါတီ အမတ်များအား ရော၍ ထားရှိပါသည်။ အခမ်းအနားမှူးမှာ ပါလီမန်ရုံးရှိ ညွှန်ကြားရေးမှူးချုပ် ဖြစ်ပြီး၊ ညွှန်ကြားရေးမှူးချုပ်သည် အစည်းအဝေးကျင်းပနေစဉ်အတွင်း ဥက္ကဋ္ဌကို အထောက်အကူ ပြုရပါသည်။ ညွှန်ကြားရေးမှူးချုပ်ကို ကူညီရန် လက်ထောက်ညွှန်ကြားရေးမှူးချုပ်များကိုလည်း အစည်းအဝေး ခန်းမအတွင်း ထားရှိပါသည်။ ထို့အပြင် အစည်းအဝေးခန်းမအတွင်း ဥက္ကဋ္ဌ ဖိတ်ကြားသည့်

[32] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[33] ဖော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။

ဧည့်သည်များ ထိုင်ရန်နေရာကို ဥက္ကဋ္ဌထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်တွင် ထားရှိပြီး အခြား အရေးကြီး ဧည့်သည့်တော်များ ထိုင်ရန်နေရာကို ဥက္ကဋ္ဌနှင့် မျက်နှာချင်းဆိုင်တွင် ထားရှိပါသည်။ ပါ လီမန်အစည်းအဝေးကို မှတ်တမ်းတင် အစီရင်ခံစာသူအတွက် ထိုင်ခုံနှင့် ကျိုင်းကိုင်သူအတွက် ထိုင်ခုံများကိုလည်း သီးသန့်ထားရှိပါသည်။[34]

## မေးခွန်းများမေးမြန်းခြင်း

၃၇။ ပါလီမန်အစည်းအဝေးများကို ၁၃၀၀ နာရီ အချိန်တွင် စတင်လေ့ရှိပါသည်။ ပါလီမန် အစည်းအဝေးတိုင်း၏ပထမ ၁ နာရီ ၃၀ မိနစ်သည် မေးခွန်းများမေးမြန်း ဖြေကြားချိန် ဖြစ်ပါသည်။ မေးခွန်းများ မေးမြန်းခြင်းသည် ဝန်ကြီးများ၏တာဝန်ရှိမှုများအား မေးမြန်းရန် လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ မေးခွန်းမေးမြန်းခြင်းအားဖြင့် အစိုးရသည် ၎င်းလုပ်ဆောင်သည့်ကိစ္စရပ်များအပေါ်၌ တာဝန်ခံရမည်ကို ပါလီမန်က ဖော်ဆောင်ပေးခြင်းဖြစ်ပြီး၊ ပြည်သူများအနေဖြင့်လည်း ၎င်းတို့အကျိုးအတွက် ဆုံးဖြတ်ချက်များချမှတ်ရန် လုပ်ဆောင်နေသော အမြင်အမျိုးမျိုး၊ အကြံဉာဏ်အမျိုးမျိုးကို နားထောင်ခွင့်ရှိစေရန် ပါလီမန်က ဖော်ဆောင်ပေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းမေးမြန်းခြင်းသည် ပါလီမန်၏မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍ တစ်ခုဖြစ်ပါသည်။ အစိုးရအား မေးမြန်းသည့် အဓိကကျသည့် မေးခွန်းများကို လွှတ်တော် အစည်းအဝေး၏ ပထမဆုံး အစီအစဉ်ဖြစ်သော မိနစ် ၉၀ ကြာ မေးခွန်း မေးမြန်း/ ဖြေဆိုခြင်း အစီအစဉ်တွင် မေးမြန်း နိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို သက်ဆိုင်ရာ ဝန်ကြီးများက နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖြေဆိုရန် လိုအပ်ပါသည်။[35]

## ပါလီမန်အစည်းအဝေးကျင်းပချိန်

၃၈။ စင်ကာပူပါလီမန်ကို နှစ်တစ်နှစ်အတွင်း မည်သည့်အချိန်တွင်မဆို ကျင်းပနိုင်ကြောင်း အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို ပါလီမန်က ရွေးချယ်နိုင်သလို ပါလီမန်က သတ်မှတ်ခြင်းမရှိပါက ပါလီမန် ဥက္ကဋ္ဌက သတ်မှတ်နိုင်ပါသည်။ အစည်းအဝေးကျင်းပရန် အကြောင်းကြားစာကို ကိုယ်စားလှယ် များထံပေးပို့ပြီး ကိုယ်စားလှယ်များအနေဖြင့် ဝန်ကြီးများကို မေးမြန်းလိုသည့် မေးခွန်းများ၊ တင်သွင်း ပြီးသား ဥပဒေကြမ်းများအပေါ် ပြင်ဆင်လိုသည့် ပြင်ဆင်ချက်များ၊ လွှတ်တော်တွင် ဆွေးနွေးလိုသည့် ကိစ္စရပ်များကို ကြိုတင်ပေးပို့ကြရပါသည်။ အစည်းအဝေးတွင် ဆောင်ရွက်မည့် အစီအစဉ်များအား အမိန့်စာရွက်တွင် ထုတ်ပြန်ကြေညာပြီး ထိုနေ့အတွက် လာရောက်မည့် ဧည့်သည်များထံသို့လည်း

[34] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။

[35] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

ဖြန့်ဝေပါသည်။ ပါလီမန်အစည်းအဝေးတိုင်း၏ ပထမ ၁ နာရီ ၃၀ မိနစ်သည် မေးခွန်းများ မေးမြန်းဖြေကြားချိန်ဖြစ်ကြောင်း၊ ထိုအချိန်အတွင်း အစည်းအဝေးအစီအစဉ်တွင် ဖော်ပြထားသည့် မေးခွန်းများကို မေးခွင့်ရှိကြောင်း၊ မေးခွန်းမေးချိန်ကန့်သတ်ထားသည့်အတွက် မေးချိန်ပြီးကာနီး ထူးခြားသော မေးခွန်းများကို စာဖြင့်ဖြေကြားခြင်း သို့မဟုတ် နောက်နေ့သို့ ရွှေ့ဆိုင်းခြင်းပြုကြောင်း၊ မေးခွန်းမေးမြန်းခြင်းပြီးနောက် ဝန်ကြီးဌာနဆိုင်ရာ တင်ပြချက်ရှိပါက တင်ပြနိုင်ကြပါသည်။ ဤအပိုင်းသည် အစိုးရဥပဒေကြမ်းများ တင်သွင်းပြီးနောက်ပြုလုပ်သည့်အပိုင်း ဖြစ်ပါသည်။ သက်ဆိုင်ရာ ဝန်ကြီးများသည် ၎င်းတို့နှင့်သက်ဆိုင်သည့် ဥပဒေကြမ်းများအား ပါလီမန်သို့ ပထမဆုံးအကြိမ် တင်သွင်းနိုင်ပါသည်။ ပါလီမန်အမတ်များသည်လည်း Private Member's Bill ကို ဤအပိုင်းတွင် တင်သွင်းနိုင်ကြောင်း၊ ဥပဒေကြမ်းကို Second Reading Third Reading ပြုလုပ်ရန်နှင့် ဆွေးနွေးရန် အဆိုများ တင်သွင်းရန် လိုအပ်ပါက ဆွေးနွေးမည့်ရက် သတ်မှတ်ပေးခြင်းနှင့် အဆိုတင်သွင်းရန် ဖိတ်ခေါ်ခြင်းများကို စီစဉ်ဆောင်ရွက်ပါသည်။[36]

**စင်ကာပူပါလီမန်မှ ထုတ်ဝေခြင်းများ**

၃၉။ စင်ကာပူပါလီမန်မှ ထုတ်ဝေသည်များမှာ-

(က) နေ့စဉ်အစည်းအဝေးသို့ တက်ရောက်၊ ပျက်ကွက်သည့် ပါလီမန်အမတ်များစာရင်း၊ အစည်းအဝေးတွင် ဖြန့်ဝေသည့် စာရွက်စာတမ်းများစာရင်း၊ မေးမြန်းသည့် မေးခွန်းများနှင့် ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာများ စသည်တို့ကို အကျဉ်းချုပ်ဖော်ပြထားသည့် နေ့စဉ် အစည်းအဝေးအစီရင်ခံစာ အကျဉ်းချုပ်။

(ခ) အစည်းအဝေးအစီအစဉ်။

(ဂ) ပါလီမန်အတွင်း ဆွေးနွေးငြင်းခုံခြင်းများကိုပါ ဖော်ပြထားသည့် တရားဝင် အစီရင်ခံစာများ။

(ဃ) အထူးကော်မတီအစီရင်ခံစာများ။

(င) ဥပဒေကြမ်းများ။

(စ) တည်မြဲအမိန့်များ။

(ဆ) ပါလီမန်အတိုကောက် အဘိဓါန်တို့ ဖြစ်ကြပါသည်။[37]

---

[36] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၈။
[37] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၉။

## ကော်မတီများ

၄၀။ စင်ကာပူပါလီမန်တွင် အမြဲတမ်း အထူးကော်မတီ (၇) ခုရှိပါသည်။ ယင်းတို့မှာ-

(က) ရွေးချယ်ရေးကော်မတီ (Committee of Selection)

( ခ ) အထူးအခွင့်အရေးကော်မတီ (Committee of Privilges)

( ဂ ) ခန့်မှန်းတွက်ချက်မှုကော်မတီ (Estimates Committee)

(ဃ) လွှတ်တော်ဆိုင်ရာကော်မတီ (House Committee)

( င ) ပြည်သူ့ငွေစာရင်းကော်မတီ (Public Accounts Committee)

( စ ) ပြည့်သူများ၏အသနားခံစာများ ကော်မတီ (Public Petitions Committee)

(ဆ) တည်မြဲအမိန့်များကော်မတီ(Standing Orders committee) တို့ဖြစ်ကြပါသည်။[38]

## ရွေးချယ်ရေးကော်မတီ

၄၁ ။ ရွေးချယ်ရေးကော်မတီသည် သြဇာရှိသော ကော်မတီဖြစ်ပါသည်။ အကြောင်းမှာ ထိုကော်မတီသည် လွှတ်တော်အခြားကော်မတီများရှိ အဖွဲ့ဝင်များကိုရွေးချယ်ရန် တာဝန်ယူရသောကြောင့် ဖြစ်ပါသည်။ ထိုကော်မတီကို အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းထားပါသည်။

၄၂။ ပါလီမန်ပြင်ပ အစည်းအဝေးများသို့ တက်ရောက်ရမည့်အမတ်များနှင့် အထူးကော်မတီများတွင် ခန့်ထားမည့် အမတ်များ၏အမည်စာရင်းအား ရွေးချယ်တင်ပြသည့်တာဝန်ကို ထမ်းဆောင်ပါသည်။ အစည်းအဝေးများနှင့် ရွေးချယ်ရေးကော်မတီများသို့ အဖွဲ့ဝင်များကို ရွေးချယ်၍ ခန့်အပ်ပေးသည်။[39]

## အထူးအခွင့်အရေးကော်မတီ

၄၃။ အထူးအခွင့်အရေးကော်မတီ (Committee of Privileges) သည် လွှတ်တော်အခွင့်အရေးချိုးဖောက်ခံရမှုဆိုင်ရာ တိုင်ကြားချက်များ၊ လွှတ်တော်၏အာဏာများ၊ အခွင့်အရေးများကို ထိခိုက်စေနိုင်သောကိစ္စရပ်များကို လေ့လာသုံးသပ်ပါသည်။ ထိုကော်မတီကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် လွှတ်တော်တွင်း၌ အစိုးရပါတီနှင့် အတိုက်အခံပါတီများအကြားဟန်ချက်ညီမှုကို ထင်ဟပ်စေလျက် ဖွဲ့စည်းထားပါသည်။ အခွင့်အရေး ကော်မတီ၏ ဥက္ကဋ္ဌမှာ လွှတ်တော်ဥက္ကဋ္ဌဖြစ်ပါသည်။ [40]

---

[38] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[39] ibid
[40] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

## ခန့်မှန်းတွက်ချက်မှုကော်မတီ

၄၄။ ခန့်မှန်းတွက်ချက်မှုကော်မတီသည် အစိုးရ၏ဘတ်ဂျက်ကိုစိစစ်ပြီး၊ ပါလီမန်သို့တင်ပြခြင်း၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ အဖွဲ့အစည်းအတွင်း တိုးတက်မှုများ၊ ခန့်မှန်းထားသော အခြေခံမူဝါဒနှင့် ကိုက်ညီသည့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ သို့မဟုတ် ထိရောက်စေနိုင်သည်များကို ပါလီမန်သို့ အစီရင်ခံတင်ပြခြင်း၊ ခန့်မှန်းတွက်ချက်မှုများကို ပါလီမန်သို့ အကြံပြုတင်ပြခြင်းတို့ကို ဆောင်ရွက်ပါသည်။[41] ကော်မတီသည် ယင်း၏ တွေ့ရှိချက်များကို အစီရင်ခံတင်ပြပြီး ရန်ပုံငွေများကို ပိုမို၍ စီးပွားရေးတွက်ခြေကိုက်အောင် မည်သို့သုံးစွဲသင့်သည်ဟူသည့် နည်းလမ်းများကို အကြံပြုပါသည်။ ထိုကော်မတီကို (၇) ဦး ထက်မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းပါသည်။ ထိုသို့ ဖွဲ့စည်းရာတွင် လွှတ်တော်တွင်း၌ အစိုးရပါတီနှင့် အတိုက်အခံပါတီများအကြား ဟန်ချက်ညီမှုကို ထင်ဟပ်စေလျက် ဖွဲ့စည်းထား ပါသည်။ ကော်မတီ၏ ဥက္ကဋ္ဌကို လွှတ်တော်ဥက္ကဋ္ဌက ခန့်အပ်ပါသည်။[42]

## လွှတ်တော်ရေးရာကော်မတီ

၄၅။ လွှတ်တော်ဆိုင်ရာကော်မတီသည် (House Committee) သည် လွှတ်တော်ကိုယ်စားလှယ်များ၏ သက်သာချောင်ချိရေး၊ အဆင်ပြေရေးတို့နှင့် သက်ဆိုင်သည့် ကိစ္စအားလုံးကို စိစစ်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌထံသို့ အကြံပြုချက်များကို တင်ပြပါသည်။ ထိုကော်မတီကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ထိုသို့ ဖွဲ့စည်းရာတွင် လွှတ်တော်တွင်း၌ အစိုးရပါတီနှင့် အတိုက်အခံ ပါတီများ အကြား ဟန်ချက်ညီမှုကို ထင်ဟပ်စေလျက် ဖွဲ့စည်းထားပါသည်။ ကော်မတီ၏ ဥက္ကဋ္ဌမှာ လွှတ်တော် ဥက္ကဋ္ဌဖြစ်ပါသည်။[43]

## ပြည်သူ့ငွေစာရင်းကော်မတီ

၄၆။ ပြည်သူ့ငွေစာရင်းကော်မတီ Public Accounts Committee သည် အစိုးရက ပြည်သူ့ဘဏ္ဍာရန်ပုံငွေများအား သုံးစွဲမှုကို စစ်ဆေးပါသည်။ ထိုသို့ စစ်ဆေးရာတွင် လွှတ်တော်က အစိုးရအား ခွင့်ပြုထားသော အသုံးစရိတ်များ၏ ငွေစာရင်းများကို စစ်ဆေးပါသည်။ လွှတ်တော်သို့ တင်ပြသည့် အခြားငွေစာရင်းများကိုလည်း ကော်မတီက သင့်တော်သည်ဟု ယူဆသည့်အတိုင်း စစ်ဆေးပါသည်။ ကော်မတီသည် စာရင်းစစ်ချုပ်၏ နှစ်စဉ်အစီရင်ခံစာကို စိစစ်သုံးသပ်ပါသည်။ ကော်မတီသည် ယင်း၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များ အစီရင်ခံစာကို တင်ပြပါသည်။ ကော်မတီကို (၇) ဦး ထက် မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည်။ ထိုသို့ ဖွဲ့စည်းရာတွင် လွှတ်တော်တွင်း၌

[41] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန်၊ လွှတ်တော်ဂျာနယ် အတွဲ(၂)၊ အမှတ်-၁၉

[42] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

[43] ibid

အစိုးရပါတီနှင့် အတိုက်အခံပါတီများအကြား ဟန်ချက်ညီမှုကို ထင်ဟပ်စေလျက် ဖွဲ့စည်းထားပါသည်။ ကော်မတီဥက္ကဋ္ဌကို လွှတ်တော်ဥက္ကဋ္ဌက ခန့်အပ်ပါသည်။[44]

## ပြည်သူများ၏ အသနားခံစာများကော်မတီ

၄၇။ ပြည်သူများ၏ အသနားခံစာများကော်မတီသည် ပြည်သူများထံမှရရှိသည့် အသနားခံစာများနှင့် သက်ဆိုင်ပါသည်။ ၎င်း၏တာဝန်သည် ကော်မတီသို့ပေးပို့လာသော အသနားခံစာများကို ဆင်ခြင်သုံးသပ်ပေးရန်နှင့် ပါလီမန်သို့ အစီရင်ခံရန်ဖြစ်သည်။ ထိုကော်မတီကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ထိုသို့ ဖွဲ့စည်းရာတွင် လွှတ်တော်တွင်း၌ အစိုးရပါတီနှင့် အတိုက်အခံ ပါတီများအကြား ဟန်ချက်ညီမှုကို ထင်ဟပ်စေလျက် ဖွဲ့စည်းထားပါသည်။ ကော်မတီ၏ ဥက္ကဋ္ဌမှာ လွှတ်တော် ဥက္ကဋ္ဌဖြစ်ပါသည်။

## အမြဲတမ်းအမိန့်များကော်မတီ

၄၈။ **အမြဲတမ်းအမိန့်များကော်မတီ** (Standing Orders Committee) သည် ယင်းထံသို့ လွှတ်တော်က ပေးပို့လာသော လွှတ်တော်၏ တည်မြဲအမိန့်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ အားလုံးကို စိစစ်သုံးသပ်ပြီး အစီရင်ခံစာ တင်ပြပါသည်။ ထိုကော်မတီကို အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထား ပါသည်။ ထိုသို့ ဖွဲ့စည်းရာတွင် လွှတ်တော်တွင်း၌ အစိုးရပါတီနှင့် အတိုက်အခံပါတီများ အကြား ဟန်ချက်ညီမှုကို ထင်ဟပ်စေလျက် ဖွဲ့စည်းထားပါသည်။ ကော်မတီ၏ ဥက္ကဋ္ဌမှာ လွှတ်တော် ဥက္ကဋ္ဌ ဖြစ်ပါသည်။[45]

၄၉။ ထိုကော်မတီများတွင် အတိုက်အခံကိုယ်စားလှယ်များ အပါအဝင် ကော်မတီဝင်ဦးရေ ၁၀ ဦး မှ ၁၂ ဦး အထိ ပါဝင်ဖွဲ့စည်းထားပါသည်။ ကော်မတီအများစု ဥက္ကဋ္ဌမှာ လွှတ်တော်ဥက္ကဋ္ဌ ဖြစ်ပါသည်။

၅၀။ ASEAN ရေးရာနှင့် AIPA ရေးရာကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက် နိုင်ပါသည်။ အကြောင်းမှာလွှတ်တော်တွင် ထိုကိစ္စများကို ဆောင်ရွက်သည့် သီးခြားကော်မတီ မရှိ သောကြောင့် ဖြစ်ပါသည်။

## အခြားသော အထူးကော်မတီများ

၅၁။ အမြဲတမ်းအထူးကော်မတီများအပြင်၊ ပါလီမန်ကအတည်ပြုထားသည့် ဥပဒေကြမ်းဆိုင်ရာ အဆိုများ သို့မဟုတ် အခြားကိစ္စရပ်ဆိုင်ရာအဆိုများအရ ဖွဲ့စည်းထားသော ယာယီအထူးကော်မတီ

---

[44] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

[45] ibid

(ad hoc Select Committee) လည်းရှိပါသည်။ ရွေးချယ်ရေးကော်မတီများသည် ကုန်စည်များနှင့် ဝန်ဆောင်မှု ဆိုင်ရာအကောက်ခွန် ဥပဒေကြမ်း၊ မိဘများအား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်း နှင့် အဆင့်မြင့်ဆေးပညာညွှန်ကြားမှု ဆိုင်ရာဥပဒေကြမ်း စသည်တို့ကဲ့သို့သော ပြည်သူများ၏ နေ့စဉ်ဘဝကို အကျိုးသက်ရောက်စေသော ဥပဒေကြမ်း၏ အကျိုးသက်ရောက်မှုကို ဆွေးနွေးရန် ရွေးချယ်ရေးကော်မတီများကို ဖွဲ့စည်းသည်။

၅၂။ ဤကော်မတီ အမျိုးအစားတွင် ဥပဒေကြမ်းတစ်ခုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းသော အထူး ကော်မတီများ ပါဝင်ပါသည်။ ဤကော်မတီမျိုးကို လွှတ်တော်က စိစစ်ဆွေးနွေးနေဆဲဖြစ်သည့် ဥပဒေကြမ်းအား စိစစ်ဆွေးနွေးရန် ဖွဲ့စည်းခြင်းဖြစ်ပါသည်။ ကော်မတီများသည် ဥပဒေကြမ်းများ သို့မဟုတ် လွှတ်တော်တွင် ဆွေးနွေးနေသော ကိစ္စများနှင့်စပ်လျဉ်းသည့် ပြည်သူတို့ထံမှ အကြံပြုချက် များကို ဖိတ်ခေါ် ရယူနိုင်ပါသည်။[46]

၅၃။ ကော်မတီများသည် ပြည်သူများ အထူးသဖြင့် ကော်မတီက ဆွေးနွေးနေသော အကြောင်းအရာ ဘာသာရပ်တွင် ကျွမ်းကျင်သူများထံမှ အထောက်အထားများကို စုဆောင်းရယူရန်အတွက် လူထု ကြားနာခြင်း အစီအစဉ်များကို ကျင်းပနိုင်ပါသည်။

၅၄။ ကော်မတီအများစုကို လတ်တလောဆွေးနွေးနေသည့် ဥပဒေကြမ်းများကို စိစစ်ဆွေးနွေး ရန်အတွက် ဖွဲ့စည်းထားပါသည်။ ကော်မတီအရေအတွက် အနည်းငယ်ကို လွှတ်တော်တွင် ဆွေးနွေး နေသော သီးခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန်နှင့် အစီရင်ခံစာ တင်သွင်းရန် ဖွဲ့စည်း ပါသည်။

၅၅။ ဥပဒေကြမ်းများနှင့်သက်ဆိုင်သည့် အထူးကော်မတီများသည် အချို့သော အမြဲတမ်း အထူး ကော်မတီများကဲ့သို့ပင် သက်သေများအား ခေါ်ဆိုခွင့်ရှိပြီး၊ စာရွက်စာတမ်းများနှင့် မှတ်တမ်းများကို ပေးပို့နိုင်သည်။ အဆိုပါကော်မတီသည် တံခါးပိတ်အစည်းအဝေးများနှင့် ပြည်သူကြားနာခြင်းများကို ပြုလုပ်နိုင်ပြီး၊ ပါလီမန်သို့ ၎င်း၏တွေ့ရှိချက်များကို အစီရင်ခံစာတင်သွင်းသည်။ အထူးကော်မတီ များတွင် ဆုံးဖြတ်ရမည့်ကိစ္စများကို မဲဆန္ဒအများဆုံးဖြင့် ဆုံးဖြတ်သည်။[47]

၅၆။ စင်ကာပူနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမည်စာရင်းတင်သွင်းခံ ကိုယ်စားလှယ် အဖြစ် ခန့်အပ်ရန်အတွက် အမည်စာရင်းတင်သွင်းသည့် အထူးကော်မတီ (Special Select Committee on Nominations for Appointment as Nominated Members of Parliament)

---

[46] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ
[47] ဒေါ်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန် (၂)၊ လွှတ်တော်ဂျာနယ်၊ အတွဲ(၂)၊ အမှတ်-၁၉။

သည် ပါလီမန်အမတ်များခန့်အပ်ရာတွင် ပြည်သူများကတင်သွင်းသည့် အဆိုပြုချက်များအား လက်ခံစဉ်းစားပါသည်။ အမည်စာရင်းတင်သွင်းခံ ပါလီမန်အမတ်များအား သမ္မတက ခန့်အပ်ရန် အတွက် ဤကော်မတီက လူပုဂ္ဂိုလ် ၉ ဦးအထိ အမည်စာရင်းတင်သွင်းနိုင်သည်။[48]

**အစိုးရကို စိစစ်သော လွှတ်တော်ကော်မတီများ**

၅၇။ ၁၉၈၇ ခုနှစ်တွင် အာဏာရ ပြည်သူ့လှုပ်ရှားမှုပါတီက အစိုးရကို စိစစ်သော လွှတ်တော် ကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီများသည် ပါတီအဖွဲ့များ ဖြစ်ကြပါသည်။ ထိုကော်မတီ များကို စင်ကာပူနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အခြေခံဥပဒေဆိုင်ရာ သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်တစ်ခုကြောင့် ဖွဲ့စည်းထားခြင်း မဟုတ်ပါ။

၅၈။ အစိုးရကိုစိစစ်သော လွှတ်တော်ကော်မတီတစ်ခုစီသည် အစိုးရဝန်ကြီးဌာန တစ်ခုခု၏ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ၊ ဥပဒေကြမ်းများကို စစ်ဆေးခြင်း၊ တုံ့ပြန်ချက်များနှင့် အကြံပြုချက်များအား ဝန်ကြီးဌာနသို့ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ပြည်သူ့အကျိုးစီးပွားများဆိုင်ရာ ကိစ္စရပ် များနှင့် စပ်လျဉ်း၍ ထိုကော်မတီများကို ဝန်ကြီးဌာနက တိုင်ပင်ဆွေးနွေးပါသည်။

၅၉။ အစိုးရကို စိစစ်သော လွှတ်တော်ကော်မတီများ၏ အဖွဲ့ဝင်များသည် လွှတ်တော်အတွင်းတွင် ပြည်သူ့လှုပ်ရှားမှုပါတီမှ နောက်ပိုင်းထိုင်ခုံနေရာ ရရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကော်မတီ တစ်ခုစီကို အကြံပေးအဖွဲ့ တစ်ဖွဲ့စီက အထောက်အကူပြုပါသည်။ ထိုအဖွဲ့များတွင် အများပြည်သူတို့ အထဲမှ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ ပါဝင်စေပါသည်။ အစိုးရကိုစိစစ်သော လွှတ်တော်ကော်မတီများကို စတင်ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ မူဝါဒချမှတ်ခြင်းလုပ်ငန်းတွင် လွှတ်တော် ကိုယ်စားလှယ်များ၏ ပါဝင်မှုကို တိုးမြှင့်ရန် အကြံပေးအဖွဲ့တွင် ပါဝင်တက်ရောက်စေခြင်းဖြင့် အစိုးရ မူဝါဒများအကြောင်းကိုလူထုအား ရှင်းပြရန် နိုင်ငံတွင်းရှိ ဒီမိုကရက်တစ်အဖွဲ့အစည်းများ အားကောင်း လာစေရန် ဖြစ်ပါသည်။ [49]

၆၀။ လွှတ်တော်အတွင်းတွင် အတိုက်အခံ ကိုယ်စားလှယ်ဦးရေ များပြားလာသောအခါတွင် အစိုးရကို စိစစ်သော လွှတ်တော်ကော်မတီများကို ဖျက်သိမ်းရန် သင့်/ မသင့် ကိစ္စများကို ပြည်သူ့ လှုပ်ရှားမှုပါတီအတွင်း၌ ဆွေးနွေးမှုအချို့ရှိလာခဲ့ပါသည်။ အကြောင်းမှာ အဆိုပါလွှတ်တော် ကော်မတီ အဖွဲ့ဝင်များသည် လွှတ်တော်အတွင်း၌ အတိုက်အခံများ၏ ကိုယ်စားလှယ်အမျိုးအစား တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ကြောင့် ဖြစ်ပါသည်။ သို့သော် ထိုလွှတ်တော် ကော်မတီများသည်

---

[48] ဇော်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန် (၂)၊လွှတ်တော်ဂျာနယ်၊ အတွဲ(၂)၊ အမှတ်-၁၉။

[49] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

ယခုအချိန်အထိ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် “အစိုးရကို စိစစ်သောလွှတ်တော် ကော်မတီ ” (၁၁) ခုရှိပါသည်။ ထိုကော်မတီများက ဆောင်ရွက်သော ကိစ္စရပ်များမှာ -

(က) ဆက်သွယ်ရေးနှင့် ပြန်ကြားရေး ကော်မတီ။

(ခ) ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် လူငယ်ကော်မတီ။

(ဂ) ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ကော်မတီ။

(ဃ) ပညာရေး ကော်မတီ။

(င) ဘဏ္ဍာရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းကော်မတီ။

(စ) ကျန်းမာရေးကော်မတီ။

(ဆ) ပြည်ထဲရေးနှင့် ဥပဒေကော်မတီ။

(ဇ) လူ့စွမ်းအား (လူဦးရေ) ကော်မတီ။

(ဈ) နိုင်ငံဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကော်မတီ။

(ည) လူမှုရေးနှင့်မိသားစုဖွံ့ဖြိုးရေး ကော်မတီ။

(ဋ) ပို့ဆောင်ရေး ကော်မတီ တို့ဖြစ်သည်။[50]

**ဥပဒေပြုခြင်းနှင့် ဥပဒေပြုလုပ်ငန်းစဉ်**

၆၁။ စင်ကာပူနိုင်ငံတွင် ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက ဥပဒေသစ်သို့မဟုတ် ပြင်ဆင်သည့်ဥပဒေကို ရှေ့နေချုပ်ရုံးသို့ အကြောင်းကြားခြင်းမပြုမီ အောက်ပါအတိုင်း ဆောင်ရွက် ပါသည်။ -

(က) ဥပဒေမူကြမ်းပါ မူသဘောတရားများအပေါ် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ရယူခြင်း။

(ခ) ရှေ့နေချုပ်ရုံးလက်အောက်ရှိ ဥပဒေပြုဌာနထံမှ အကြံဉာဏ်ရယူခြင်း၊ ၎င်းဌာနအား ဥပဒေကြမ်းကို စိစစ်စေခြင်း၊ သို့မဟုတ် မူကြမ်းရေးဆွဲစေခြင်း။

(ဂ) ဥပဒေကြမ်းကို ဥပဒေဆိုင်ရာဝန်ကြီးဌာန၏သဘောတူညီမှုရရန် တင်သွင်းခြင်း၊ (ဥပဒေဆိုင်ရာဝန်ကြီးဌာနသည် ဥပဒေမူကြမ်းပါ အချက်အလက်များအား နိုင်ငံတော်၏

---

[50] AIPA အဖွဲ့ဝင်လွှတ်တော်များ၏ နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

မူဝါဒများ၊ ဥပဒေဆိုင်ရာမူဝါဒများ၊ တည်ဆဲပြည်တွင်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် ကိုက်ညီမရှိ/မရှိ စစ်ဆေးခြင်း။

(ဃ) ထို့နောက် ဝန်ကြီးအဖွဲ့၏သဘောတူညီချက်ရရှိရန် တင်သွင်းခြင်းတို့ကို ဆောင်ရွက်ပါသည်။

၆၂။ အထက်ပါလုပ်ငန်းစဉ်များ ပြီးဆုံးပါက ပါလီမန်သို့ ဥပဒေကြမ်းတင်သွင်းနိုင်ပြီ ဖြစ်ပါသည်။ ပါလီမန်တွင် ဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်များကို ပါလီမန်တည်မြဲ အမိန့်တွင် ပြဋ္ဌာန်းထားရှိပါသည်။ ဥပဒေကြမ်းတိုင်းသည် အောက်ပါအဆင့်များကို ကျော်ဖြတ်ရပါသည်-

(က) စတင်တင်သွင်းခြင်းနှင့် ပထမအကြိမ်ဆွေးနွေးခြင်း။

(ခ) ဒုတိယအကြိမ်ဆွေးနွေးခြင်း။

(ဂ) ကော်မတီက စိစစ်ခြင်း (ပါလီမန်က ကော်မတီသို့ ပေးပို့ရန် ဆုံးဖြတ်ပါက အထူး ကော်မတီသို့ ပေးပို့စိစစ်စေခြင်း)။

(ဃ) တတိယအကြိမ်ဆွေးနွေးခြင်း။ [51]

၆၃။ စင်ကာပူနိုင်ငံတွင် ဝန်ကြီးဌာနအနေဖြင့် ဥပဒေရေးဆွဲလိုပါက မူဝါဒကိုသာ ပြောကြားရန် လိုပြီး၊ ရှေ့နေချုပ်ရုံးရှိဥပဒေရေးဆွဲရေးဌာနက ရေးဆွဲပေးရပါသည်။ ဥပဒေရေးဆွဲရေး ဗဟိုဌာန ထားရှိခြင်းအားဖြင့် ဥပဒေများကို ဌာနတစ်ခုတည်းကသာ ရေးဆွဲမည်ဖြစ်ပါသည်။ ဌာနတစ်ခု တည်းကသာ ရေးဆွဲခြင်းဖြစ်၍ ဥပဒေများအားလုံး ပုံစံညီညွတ်မှု ရှိခြင်း၊ အသုံးအနှုန်း ညီညွတ်ခြင်း၊ အခြားဥပဒေများရှိ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ၊ လုပ်ပိုင်ခွင့်များနှင့် ရောထွေးမှုရှိ/မရှိ အလွယ် တကူ စိစစ်နိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိပါသည်။

၆၄။ ငွေကြေးဆိုင်ရာဥပဒေကြမ်းများ၊ အရေးတကြီးလိုအပ်သည့် ဥပဒေကြမ်းများ၊ စင်ကာပူ နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ အများပြည်သူလုံခြုံမှု၊ ငြိမ်းချမ်းရေးတို့နှင့် သက်ဆိုင်သည့် ဥပဒေကြမ်းများမှအပ ပါလီမန်ကပြဋ္ဌာန်းမည့် ဥပဒေများကို Presidential Council for Minority Rights သို့ ပေးပို့ရမည်ဖြစ်ပါသည်။ ဥပဒေကြမ်းတွင် ဘာသာရေး၊ လူမျိုးရေးခွဲခြားမှုများ မပါဝင်ပါ။ အဆိုပါကောင်စီက စိစစ်ပြီးနောက် သမ္မတထံဥပဒေကြမ်းကို တင်ပြရမည်ဖြစ်ပြီး၊ သမ္မတက သဘောတူခွင့်ပြုမှသာ ဥပဒေအဖြစ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။[52]

---

[51] ဒေါ်ငြိမ်းဦး (MPA)၊ စင်ကာပူပါလီမန် (၂)၊လွှတ်တော်ဂျာနယ်၊ အတွဲ(၂)၊ အမှတ်-၁၈
[52] ibid

## ဥပဒေကြမ်းများကို တင်သွင်းခြင်း

၆၅။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဥပဒေကြမ်းတစ်ခုကို တင်သွင်းနိုင်ပါသည်။ ဤဖြစ်ရပ်မျိုးကို လွှတ်တော်ကိုယ်စားလှယ်၏ ကိုယ်ပိုင်ဥပဒေကြမ်း တင်သွင်းခြင်းဟု သိရှိကြပါသည်။ လက်တွေ့တွင် ဥပဒေကြမ်း အများစုကို ဝန်ကြီးအဖွဲ့က တင်သွင်းပါသည်။ ထိုသို့ တင်သွင်းရာတွင် ဝန်ကြီးအဖွဲ့၏ ကိုယ်ပိုင်ဆန္ဒအရဖြစ်စေ၊ အကြီးတန်း နိုင်ငံ့ဝန်ထမ်းအရာရှိများ၏ အကြံပေးချက် အရဖြစ်စေ တင်သွင်းပါသည်။ တစ်ခါတစ်ရံတွင် ဥပဒေပြဌာန်းရန် လိုအပ်သည့် ကနဦး တင်ပြသော မူဝါဒအသစ်များကို ဝန်ကြီးချုပ်ရုံးက စတင်၍ တင်သွင်းပါသည်။

၆၆။ အခြားသော ကိစ္စရပ်များတွင် ဥပဒေကြမ်းအသစ် (သို့မဟုတ်) တည်ဆဲဥပဒေအပေါ် ပြင်ဆင်ချက်များကို ထိုလုပ်ဆောင်ချက်အတွက် ဥပဒေပြုလုပ်ငန်းဆောင်ရွက်ရန် တာဝန်ရှိသော ဝန်ကြီးဌာနက စတင်၍ တင်သွင်းပါသည်။ အကယ်၍ ဥပဒေကြမ်းသည် ဝန်ကြီးဌာန သို့မဟုတ် အေဂျင်စီတစ်ခု၏ အကျိုးစီးပွားဆိုင်ရာ ကိစ္စနှင့်သာ သက်ဆိုင်လျှင် ထိုဥပဒေကြမ်းကို ရေးသား ပြင်ဆင်ရန်အတွက် ရှေ့နေချုပ်ရုံး၏ ဥပဒေပြုရေးဌာနခွဲက ဆောင်ရွက်ပါသည်။ အကယ်၍ ဥပဒေကြမ်း သည် ဝန်ကြီးဌာနများ၏ တာဝန်ရှိမှုများနှင့် သက်ဆိုင်နေလျှင် ရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သော ဝန်ကြီးဌာနစုံလင်စွာပါဝင်သည့် ကော်မတီတစ်ခုကို ဖွဲ့စည်းဆောင်ရွက်ပါသည်။

၆၇။ ဥပဒေပြုလုပ်ငန်းစဉ်ကို Westminster ပုံစံအား အခြေခံထားသော လွှတ်တော်များရှိ ယေဘုယျလုပ်ထုံး လုပ်နည်းအတိုင်း ဆောင်ရွက်ပါသည်။ ထိုပုံစံတွင် ဥပဒေကြမ်းတစ်ခုကို စိစစ်ခြင်း အဆင့် ၃ ဆင့်ဖြင့် အတည်ပြုပါသည်။[53]

## ပထမအကြိမ်စိစစ်ခြင်း

၆၈။ ပထမအကြိမ်စိစစ်ခြင်းတွင် ပုံမှန်အားဖြင့် ဥပဒေကြမ်းအတွက် တာဝန်ယူရသော ကိုယ်စားလှယ်က ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းပါသည်။ ဤအဆင့်သည် လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက် ခြင်းသာဖြစ်ပြီး ဥပဒေကြမ်းကို ဆွေးနွေးခြင်းမပြုလုပ်ပါ။ သက်ဆိုင်ရာ ကိုယ်စားလှယ်က ဥပဒေကြမ်း၏ ခေါင်းစဉ်အပြည့်အစုံကို အသံကျယ်လောင်စွာ ဖတ်ကြားခြင်း၊ လွှတ်တော်၏ ဥပဒေကြမ်းတင်ပြသည့် စားပွဲပေါ်၌ ဥပဒေကြမ်း၏ မိတ္တူတစ်စောင်ကိုတင်ထားခြင်း၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က

[53] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ စက်တင်ဘာ၊၂၀၁၅

ဥပဒေကြမ်း၏ အတိုချုပ်ခေါင်းစဉ်ကို ဖတ်ကြားခြင်းတို့ကို ပြုလုပ်ပြီးသောအခါတွင် ဥပဒေကြမ်းအား ပထမအကြိမ် ဖတ်ရှုခြင်းအဆင့်ကို ဆောင်ရွက်ပြီးစီးသည်ဟု သတ်မှတ်ပါသည်။ [54]

၆၉။ ဥပဒေကြမ်းကို လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးပါသည်။ ညွှန်ကြားရေးမှူးချုပ်က ဥပဒေကြမ်း၏ မိတ္တူများကိုပုံနှိပ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပါသည်။ ထို့နောက်ဥပဒေကြမ်းကို ပြည်သူတို့သိရှိရန်အတွက် အစိုးရပြန်တမ်းတွင် ထည့်သွင်းထုတ်ဝေပါသည်။

**ဒုတိယအကြိမ် စိစစ်ခြင်း**

၇၀။ ဥပဒေကြမ်းကို ဒုတိယအကြိမ် ဖတ်ရှုစိစစ်ခြင်း ပြုလုပ်ရန် နေ့ရက်နှင့် အချိန်ကို သတ်မှတ်ပါသည်။ ဥပဒေကြမ်းတစ်ခုတွင် အခွန်ကောက်ခြင်း၊ ငွေချေးယူခြင်း၊ ပြည်သူ့ဘဏ္ဍာငွေ များကို ရရှိခြင်းနှင့် သုံးစွဲခြင်းဟူသော အကြောင်းအရာများပါဝင်လျှင် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ထိုဥပဒေကြမ်းကို တင်သွင်းရန် သမ္မတက ထောက်ခံအတည်ပြုပြီး ဖြစ်ကြောင်း ပြသရမည် ဖြစ်ပါသည်။ ဥပဒေကြမ်းတင်သွင်းရန် တာဝန်ရှိသော ဝန်ကြီးသည် ဥပဒေကြမ်းတွင် ပါရှိသော ရည်ရွယ်ချက်များနှင့် အကြောင်းပြချက်များကို ရှင်းပြသည့် အစီအစဉ်ကို ပြောကြားလေ့ ရှိပါသည်။ ဥပဒေကြမ်း၏ ယေဘုယျအားသာချက်များနှင့် မူသဘောများကို အပြန်အလှန် ဆွေးနွေးကြပါသည်။

၇၁။ ဥပဒေကြမ်းအား ကော်မတီ အဆင့်ဆင့်ဆွေးနွေးခြင်းကို ဆောင်ရွက်ပါသည်။ ထိုအဆင့်တွင် ဥပဒေကြမ်း၏ အသေးစိတ်အချက်အလက်များကို စစ်ဆေးပါသည်။ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲမှု မရှိပါက ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်အားလုံး ပါဝင်သော ကော်မတီသို့ ပေးပို့ပါသည်။ အဆိုပါ ကော်မတီအမျိုးအစားကို လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နေသော ကိုယ်စားလှယ်အားလုံးပါဝင် ဖွဲ့စည်းထားပြီး ဥပဒေကြမ်းပါစာသားများကို စာပိုဒ်တစ်ပိုဒ်ချင်း စိစစ်ဆွေးနွေးပါသည်။[55]

၇၂။ ဥပဒေကြမ်းများတွင် သဘောကွဲလွဲချက်များရှိလျှင်ဖြစ်စေ၊ စိတ်ပါဝင်စားသော လူအုပ်စုများသို့မဟုတ် အများပြည်သူတို့ထံမှ သဘောထားအမြင်များ ရယူရန်လိုအပ်လျှင်ဖြစ်စေ ထိုဥပဒေကြမ်းများကို အထူးကော်မတီတစ်ခုသို့ ပေးပို့ပါသည်။ ကော်မတီအနေဖြင့် ဥပဒေကြမ်းအပေါ် စိတ်ဝင်စားသော ပြည်သူတို့အား အထူးကော်မတီတွင် ကိုယ်စားပြုပါဝင်ရန် ဖိတ်ခေါ်ခြင်း ပြုနိုင်ပါသည်။ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် တင်ပြချက်များကို ကြားနာရန်အတွက် “အများပြည်သူဆိုင်ရာ

[54] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ စက်တင်ဘာ၊၂၀၁၅
[55] ibid

ကြားနာခြင်းအစီအစဉ်များ” ကို အထူးကော်မတီက ပြုလုပ်နိုင်ပါသည်။ ထို့နောက် အထူးကော်မတီသည် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုထားသော ပြင်ဆင်ချက်များနှင့်အတူ အထူးကော်မတီ၏ တွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းပါသည်။[56]

၇၃။ အထူးကော်မတီသည် ဥပဒေကြမ်းတစ်ခုကို စိစစ်ဆွေးနွေးခြင်း ပြီးစီးသောအခါ အဆိုပြု ပြင်ဆင်ချက် ပါဝင်လျက်ဖြစ်စေ၊ မပါဘဲဖြစ်စေ ဥပဒေကြမ်းကို လွှတ်တော်သို့ ပြန်လည်ပေးပို့ပါသည်။ ဥပဒေကြမ်း၏ အပြီးသတ် စာသားကို အတည်ပြုပြီးသောအခါ လွှတ်တော်ရှိ ကိုယ်စားလှယ်များက ဥပဒေကြမ်းအပေါ် ဆန္ဒပြုကြပါသည်။

၇၄။ ဆန္ဒပြုရာတွင် အသံဖြင့် ဆန္ဒပြုခြင်းကိုဖြစ်စေ၊ ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၅ ဦးက တောင်းဆိုပါက လူကိုယ်တိုင် ဆန္ဒပြုခြင်းနည်းလမ်းဖြင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။ လူကိုယ်တိုင် ဆန္ဒပြုရာတွင် ထောက်ခံသူများ၊ ကန့်ကွက်သူများ၊ ကြားနာသူများ အရေအတွက်ကို လွှတ်တော် ဥက္ကဋ္ဌက မှတ်တမ်းတင်ထားပါသည်။

**တတိယအကြိမ် စိစစ်ခြင်း**

၇၅။ ထို့နောက် ဥပဒေကြမ်းကို တတိယအကြိမ် စိစစ်ခြင်း ဆောင်ရွက်ပါသည်။ ဤအဆင့်တွင် ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်များကိုသာ ပြုလုပ်ပါသည်။ ဥပဒေကြမ်း၏ ပင်မသဘောတရားကို ပြောင်းလဲခြင်း မပြုလုပ်ပါ။ ဥပဒေကြမ်းကို တတိယအကြိမ်ဖတ်ရှုစိစစ်ခြင်း ပြုလုပ်ရန် တင်သွင်းသည့် ဝန်ကြီးသည် ဥပဒေကြမ်း ပြင်ဆင်ချက်များကို အကြမ်းသဘော ရှင်းလင်းတင်ပြခြင်း ပြုနိုင်ပါသည်။ ထို့နောက် ဥပဒေကြမ်းကို မဲခွဲ၍ အဆုံးအဖြတ်ရယူပါသည်။ ကိစ္စရပ်များစွာတွင် ဥပဒေကြမ်းကို အတည်ပြုရန်အတွက် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ မဲအရေအတွက် အများစုရရှိရန် လိုအပ်ပါသည်။ [57]

၇၆။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန်အတွက် “ထောက်ခံမဲ အရေအတွက်” အများဆုံးရရှိရန် လိုအပ်ပါသည်။ အဆိုပါ ဥပဒေကြမ်းမျိုးအတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဖတ်ရှုစိစစ်ခြင်းတို့တွင် ကိုယ်စားလှယ်အားလုံး၏ သုံးပုံ နှစ်ပုံထက် မနည်းသော ထောက်ခံမဲအရေအတွက်ရရှိရန် လိုအပ်ပါသည်။ တတိယအကြိမ် စိစစ်ခြင်းပြီးစီးလျှင် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုသည်ဟု သတ်မှတ်ပါသည်။[58]

---

[56] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ စက်တင်ဘာ၊၂၀၁၅
[57] ibid
[58] ibid

## ဥပဒေကြမ်းများကို သမ္မတ၏ လူနည်းစုအခွင့်အရေးများဆိုင်ရာကောင်စီက စိစစ်ခြင်း

၇၇။ ငွေကြေးဥပဒေကြမ်းများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းများ အမြန်ဆုံး ဆောင်ရွက်ရန် လိုအပ်သည်ဟု ဝန်ကြီးချုပ်က ယူဆသော ဥပဒေကြမ်းများမှလွဲ၍ အခြား ဥပဒေကြမ်း များကို လွှတ်တော်က အတည်ပြုပြီး သောအခါတွင် သမ္မတ၏ လူနည်းစု အခွင့်အရေးများဆိုင်ရာ ကောင်စီဟု ခေါ်ဆိုသော ရွေးကောက်ခံမဟုတ်သည့် အကြံပေးအဖွဲ့ထံသို့ တင်ပြရပါသည်။ အဆိုပါ ကောင်စီ၏ တာဝန်မှာ ဥပဒေကြမ်း တစ်ခုသည် လူမျိုးရေးဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ လူ့အသိုက်အဝန်းတစ်ခုအား ခွဲခြားဆက်ဆံသော ဥပဒေကြမ်းဖြစ်သည်ဟု အဆိုပါ ကောင်စီက ယူဆသော ဥပဒေကြမ်းတစ်ခုခုကို လေ့လာစိစစ်ရန် ဖြစ်ပါသည်။

၇၈။ သတ်မှတ်ထားသော အချိန်ကာလအတွင်းတွင် အဆိုပါကောင်စီက ဥပဒေကြမ်းအား ထောက်ခံသော အစီရင်ခံစာကို တင်သွင်းလျှင်ဖြစ်စေ၊ တစ်စုံတစ်ခုသော အစီရင်ခံစာကို မတင်သွင်း လျှင်ဖြစ်စေ ဥပဒေကြမ်းကို သမ္မတ၏ အတည်ပြုချက်ရရှိရန်အတွက် သမ္မတထံသို့ တင်ပြရပါသည်။

၇၉။ သမ္မတ၏ လူနည်းစုအခွင့်အရေးများဆိုင်ရာ ကောင်စီသည် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကန့်ကွက်သော အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြလျှင် လွှတ်တော်ကဥပဒေကြမ်းကို ပြင်ဆင် ချက်များ ပြုလုပ်ပြီး ကောင်စီထံသို့ အတည်ပြုချက် ရရှိရန် ပြန်လည်ပေးပို့ပါသည်။ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သမ္မတ၏ လူနည်းစု အခွင့်အရေးများ ဆိုင်ရာ ကောင်စီက ကန့်ကွက်သည့် အစီရင်ခံစာ ထုတ်ပြန်သော်လည်း ဥပဒေကြမ်းအား သမ္မတထံသို့ ပေးပို့ရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံပါက ဥပဒေကြမ်းကို အတည်ပြုပေးရန် အတွက် သမ္မတထံသို့ ပေးပို့ရန် လွှတ်တော်က ဆုံးဖြတ်နိုင်သည်။

၈၀။ သမ္မတ၏ လူနည်းစုအခွင့်အရေးများဆိုင်ရာ ကောင်စီသည် ယင်းကို စတင်ဖွဲ့စည်းခဲ့သည့် ၁၉၇၀ ပြည့်နှစ်မှစ၍ ဥပဒေကြမ်းအား ကန့်ကွက်သည့် အစီရင်ခံစာ ထုတ်ပြန်ခဲ့ဖူးခြင်း မရှိပါ။ [59]

## သမ္မတ၏ အတည်ပြုချက်

၈၁။ သမ္မတသည် ဥပဒေကြမ်းများအား အတည်ပြုရန် သမ္မတ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တာဝန်ကို ပုဂ္ဂလိက ဆုံးဖြတ်ချက်အရ မဟုတ်ဘဲ ဝန်ကြီးအဖွဲ့၏ အကြံပြုချက်အရ ဆောင်ရွက်ပါ သည်။ ထို့ကြောင့် သမ္မတသည် အခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် တစ်စုံတစ်ရာသော

[59] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ စက်တင်ဘာ၊၂၀၁၅

ကိစ္စများနှင့်သက်ဆိုင်သည့် ဥပဒေကြမ်းများမှ တစ်ပါးလွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေကြမ်းများကို အတည်ပြုရန် ငြင်းပယ်ခြင်း မပြုနိုင်ပါ။

၈၂။ အထက်ပါအတိုင်း ကိစ္စရပ်များမှာ ဘဏ္ဍာငွေထောက်ပံ့ရေး ဥပဒေကြမ်း များကဲ့သို့သော ပြည်သူ့ ဘဏ္ဍာငွေ ဆိုင်ရာဥပဒေကြမ်းများအတွက်အကြံပြုချက်များ၊ နိုင်ငံ့ဝန်ထမ်းခန့်ထားခြင်း ကိစ္စများ၊ ပြည်တွင်းလုံခြုံရေး အက်ဥပဒေ၊ ချုပ်နှောင်ခြင်းဆိုင်ရာ အမိန့်များ၊ ဘာသာရေးဆိုင်ရာ သဟဇာတဖြစ်မှု အက်ဥပဒေ၊ သမ္မတ၏ အာဏာကို အကျိုး သက်ရောက် စေသည့် ကန့်သတ်သော အမိန့်များနှင့် ဥပဒေကြမ်းများ ဖြစ်ကြပါသည်။

၈၃။ ဥပဒေကြမ်းတစ်ခုသည် သမ္မတ၏ အတည်ပြုချက်ရရှိပြီးပါက လွှတ်တော်အက်ဥပဒေဟု သိရှိကြသော ဥပဒေတစ်ခုဖြစ်လာပါသည်။ ထိုအက်ဥပဒေသည် အစိုးရပြန်တမ်းတွင် ထုတ်ပြန်ထား သော အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် နေ့ရက်တွင် စတင်၍ အာဏာသက်ရောက်ပါသည်။ [60]

## တဆင့်ခံဥပဒေပြုခြင်း

၈၄။ စင်ကာပူပါလီမန်သည် ယေဘုယျသဘောဆန်သည့် ဥပဒေများကိုသာ ပြဋ္ဌာန်းပါသည်။ အသေးစိတ် ကျသော ပြဋ္ဌာန်းချက်များနှင့် ပညာရပ်ဆန်သော ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းရန်အတွက် တစ်ဆင့်ခံဥပဒေပြုခွင့်အာဏာကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် စီမံခန့်ခွဲသည့် အာဏာပိုင် ထံသို့ ပေးအပ်ထားပါသည်။ တစ်ဆင့်ခံဥပဒေပြုခြင်းတွင်လည်း မူကြမ်းရေးဆွဲရန်နှင့် စိစစ်ရန် ဥပဒေပြုဌာနခွဲသို့ အပ်နှင်းထားပါသည်။ ဥပဒေပြုဌာနခွဲက မူကြမ်းရေးဆွဲပြီးပါက သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ပြီး၊ အဆိုပါဝန်ကြီးဌာနက နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်နိုင်ပါသည်။

၈၅။ စင်ကာပူနိုင်ငံတွင် ပြဋ္ဌာန်းဥပဒေများနှင့် တစ်ဆင့်ခံဥပဒေများအားလုံးကို အင်တာနက်တွင် ရှာဖွေနိုင်ရန် စီမံဆောင်ရွက်ထားပါသည်။ ထိုသို့လုပ်ဆောင်ထားရခြင်းမှာ ပြည်သူများအားလုံး ဥပဒေကို သိရှိပြီး၊ လိုက်နာကြစေရန်ဖြစ်ကြောင်း၊ “ignorance of law is no excuse”ဆိုသည့် ဆိုရိုးစကားရှိသည့်အတွက် ဥပဒေကို အလွယ်တကူရှာဖွေနိုင်မှသာ ပြည်သူများ လိုက်နာနိုင်မည် ဖြစ်ပါသည်။[61]

[60] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ စက်တင်ဘာ၊၂၀၁၅
[61] ibid

**ဘတ်ဂျက်အတည်ပြုသည့် လုပ်ငန်းစဉ်**

၈၆။ အစိုးရနှစ်စဉ်ဘတ်ဂျက်အား ပါလီမန်က အတည်ပြုရန်လိုအပ်ခြင်းအားဖြင့် ပါလီမန်က ဘဏ္ဍာရေးကိုကြီးကြပ်၍၊ နှစ်စဉ်ဘတ်ဂျက်ဖော်ပြချက်ကို ဧပြီ ၁ ရက်နေ့တွင်စတင်မည့် ဘဏ္ဍာရေးနှစ် အသစ်မတိုင်မီ ဖေဖော်ဝါရီလ နောက်ဆုံးပတ်သို့မဟုတ် မတ်လဆန်းတွင် တင်သွင်းလေ့ရှိပါသည်။ ဘတ်ဂျက်ဖော်ပြချက်အား တင်ပြရာတွင် ဘဏ္ဍာရေးဝန်ကြီးက ယခင်နှစ်ရှိ နိုင်ငံ၏စီးပွားရေး ဆောင်ရွက်ချက်ကို ပြန်လည်သုံးသပ်ပြီး၊ လာမည့်နှစ်အတွက် အစပျိုးရမည့် အခွန်အကောက်များ သို့မဟုတ် မက်လုံးများပါဝင်သော စီးပွားရေးအဆိုပြုချက်များကို ကြေငြာခြင်း၊ ဘတ်ဂျက် ဖော်ပြချက်နှင့်အတူ ဘတ်ဂျက်စာရင်းစာအုပ်ပါဝင်ပါသည်။ ဘတ်ဂျက်စာရင်းစာအုပ်၌ လာမည့် ဘဏ္ဍာရေးနှစ်တွင် အစိုးရကသုံးစွဲမည့် ဝန်ကြီးဌာနတစ်ခုစီက တင်ပြသည့် ပြည်သူ့ဘဏ္ဍာ ခန့်မှန်း အသုံးစရိတ်အသေးစိတ်ကို ဖော်ပြထားပါသည်။ ဝန်ကြီး၏ ဘဏ္ဍာရေးဆိုင်ရာမိန့်ခွန်းပြီးဆုံးလျှင် ပါလီမန်ကို အနည်းဆုံး ၅ ရက်ရွှေ့ဆိုင်းပြီး၊ ပါလီမန်ပြန်လည် ကျင်းပသည့်အခါ၊ ဘတ်ဂျက် ဖော်ပြချက်ကို ဆွေးနွေးရန် ၂ ရက်သတ်မှတ်ပေးပါသည်။

၈၇။ ဘတ်ဂျက်ဖော်ပြချက်အပေါ် ဆွေးနွေးခြင်းပြီးနောက် ခန့်မှန်းအသုံးစရိတ်အပေါ် ဆွေးနွေးခြင်း စတင်ပြီး၊ အဆိုပါဆွေးနွေးပွဲတွင် ဝန်ကြီးများသည် ၎င်းတို့ဌာန၏မူဝါဒများအပေါ် မေးမြန်းခံရမည် ဖြစ်ပါသည်။ ၎င်းဆွေးနွေးပွဲသည် ၇ ရက် မှ ၁၀ ရက်အတွင်း ကြာမြင့်မည်ဖြစ်ပြီး၊ ထို့နောက် ငွေကြေးဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းသိရှိရပါသည်။

## အခန်း(၅)
## AIPA နှင့် ASEAN ရေးရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ချက်

**အာဆီယံသဘောတူညီချက်များကို အတည်ပြုခြင်း**

၉၃။ စင်ကာပူနိုင်ငံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များအရ အာဆီယံသဘောတူညီချက်များ အပါအဝင် နိုင်ငံတကာ စာချုပ်များ၊ သဘောတူညီချက်များအား ညှိနှိုင်းဆွေးနွေးရန်နှင့် သဘောတူ အတည်ပြုရန် အာဏာကို အစိုးရအား အပ်နှင်းထားပါသည်။

၉၄။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အာဆီယံသဘောတူညီချက်နှင့် စပ်လျဉ်းသည့် နိုင်ငံတကာ ညှိနှိုင်း ဆွေးနွေးချက်များ၊ အတည်ပြုချက်များ၏ ရလဒ်များကို အတိုချုံးရှင်းပြရန်အတွက် အစိုးရ ဌာနပေါင်းစုံ အစည်းအဝေးများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အစည်းအဝေး ပြုလုပ်ပါသည်။ နိုင်ငံခြားရေး ဝန်ကြီးဌာနသည် အာဆီယံသဘောတူညီချက်နှင့် ချိတ်ဆက်နိုင်သည့် နည်းလမ်းများကို ပြသချမှတ်ပေးပါသည်။ ရှေ့နေချုပ်ရုံးသည် နိုင်ငံတကာ သဘောတူညီချက်များသို့ ဝင်ရောက်ရန်

အဆိုပြုခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းတို့နှင့် သက်ဆိုင်သည့် ဥပဒေရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အစိုးရအား အကြံဉာဏ် ပေးပါသည်။

၉၅။ နိုင်ငံတကာသဘောတူညီချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများကို လုပ်ဆောင်ရန် အတွက် တည်ဆဲ ဥပဒေများသည် ပြည့်စုံမှုရှိ/ မရှိ ဟူသောအချက် သို့မဟုတ် ဥပဒေအသစ် ပြဋ္ဌာန်းရန်လိုအပ်မှု ရှိ/မရှိ ဟူသော အချက်တို့နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနက အကြံဉာဏ်ပေးပါသည်။

၉၆။ နိုင်ငံတကာသဘောတူညီချက်နှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များကို အစိုးရဌာနတွင် ဆောင်ရွက်ပြီးသောအခါ ထိုသဘောတူညီချက်ကို အတည်ပြုပြီး ဖြစ်သည်ဟု သတ်မှတ်ပါသည်။ လိုအပ်သော ဥပဒေကြမ်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် ရေးဆွဲပြီး ဥပဒေအဖြစ် အတည်ပြုနိုင်ရန် လွှတ်တော်သို့ တင်သွင်းပါသည်။

၉၇။ အာဆီယံသဘောတူညီချက်များအား မူကြမ်းရေးဆွဲခြင်း၊ အတည်ပြုခြင်းတို့တွင် လွှတ်တော် အနေဖြင့် တိုက်ရိုက်ပါဝင် ဆောင်ရွက်ခြင်း မပြုပါ။ အကြောင်းမှာ ထိုကိစ္စများသည် အစိုးရအဖွဲ့၏ တာဝန်ဖြစ်သောကြောင့် ဖြစ်ပါသည်။ အာဆီယံ သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် အတွက် လိုအပ်သော ဥပဒေကြမ်းများကို လွှတ်တော်တွင် ရေးဆွဲအတည်ပြုသည့် လုပ်ငန်းစဉ်သည် ဥပဒေကြမ်း စိစစ် အတည်ပြုသည့် လုပ်ငန်းစဉ်နှင့် တူညီပါသည်။ အာဆီယံသဘောတူညီချက် ဆိုင်ရာ ဥပဒေကြမ်းများကို လွှတ်တော်စုံညီ အစည်းအဝေးများတွင် စိစစ်ခြင်း အဆင့် ၃ ဆင့်ဖြင့် အတည်ပြုပါသည်။

၉၈။ ယေဘုယျအားဖြင့် အာဆီယံသဘောတူညီချက်များ သို့မဟုတ် နိုင်ငံတကာစာချုပ်များ၊ သဘောတူညီချက်များကို စိစစ်သုံးသပ်ရန် သီးခြားတာဝန်ယူရသည့် ကော်မတီမရှိပါ။ အာဆီယံ သဘောတူညီချက်များဆိုင်ရာ စိစစ်ဆွေးနွေးခြင်းများကို ကော်မတီတွင် မဆောင်ရွက်ဘဲ လွှတ်တော် စုံညီအစည်းအဝေးများတွင် ဆောင်ရွက်ပါသည်။ [62]

၉၉။ ASEAN နှင့် AIPA သဘောတူညီချက်များ အကောင်အထည်ဖော်မှုအား စောင့်ကြည့် ကြီးကြပ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်နိုင်ပါသည်။ အကြောင်းမှာ လွှတ်တော်တွင် အဆိုပါသီးသန့်တာဝန်နှင့် သက်ဆိုင်သော ကော်မတီမရှိသောကြောင့် ဖြစ်ပါသည်။

[62] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ စက်တင်ဘာ၊၂၀၁၅

၁၀၀။ လွှတ်တော်သည် ASEAN နှင့် AIPA သဘောတူညီချက်များ အကောင်အထည်ဖော်မှုအား စောင့်ကြည့် ကြီးကြပ်ခြင်းကို လွှတ်တော်က အစိုးရအား ကြီးကြပ်ရာတွင် ယေဘုယျအားဖြင့် အသုံးပြုသည့် လုပ်ငန်းဆောင်ရွက်ပုံ စနစ်များအားဖြင့် ဆောင်ရွက်နိုင်ပါသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ပုံစနစ်များသည် လွှတ်တော်က ဝန်ကြီးဌာနများအတွက် တာဝန်ရှိမှုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်မှ ဖြစ်ပေါ်လာပါသည်။ ဤအချက်သည် Westminster လွှတ်တော်အစဉ်အလာ၏ အဓိက သွင်ပြင်လက္ခဏာတစ်ခု ဖြစ်ပါသည်။

၁၀၁။ ထို့ကြောင့် ASEAN နှင့် AIPA သဘောတူညီချက်များအား စောင့်ကြည့် ကြီးကြပ်မှု၊ အကောင်အထည်ဖော်မှုတို့တွင် လွှတ်တော်က ပါဝင်ဆောင်ရွက်ခြင်းသည် အခြားသော ပြည်တွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအတွက် အသုံးပြုသည့် လွှတ်တော်လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အဆိုပါ မူဝါဒနယ်ပယ်အတွက် ရည်ရွယ်ချက်ဖြင့် ဖော်ထုတ်ချမှတ်ထားသော အထူးလုပ်ငန်းစဉ်များ မရှိပါ။

## အာဆီယံပါလီမန်များညီလာခံတွင် ပါဝင်ဆောင်ရွက်မှု

၁၀၂။ စင်ကာပူလွှတ်တော်သည် AIPA အဖွဲ့ကို စတင်တည်ထောင်ခဲ့သည့် အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ AIPA စတင် တည်ထောင်ခဲ့ချိန်မှစ၍ စင်ကာပူသည် AIPA အထွေထွေညီလာခံများကို (၆) ကြိမ် လက်ခံ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ စင်ကာပူသည် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို (၆) ကြိမ် လက်ခံကျင်းပခဲ့ပြီး နောက်ဆုံး လက်ခံကျင်းပသည့်အကြိမ်မှာ ၂၀၀၈ ခုနှစ်တွင် ကျင်းပသည့် ၂၉ ကြိမ်မြောက် ညီလာခံဖြစ်ပါသည်။[63]

၁၀၃။ AIPA ညီလာခံ တက်ရောက်သည့် စင်ကာပူ ကိုယ်စားလှယ်အဖွဲ့ဝင်များကို လွှတ်တော်ဥက္ကဋ္ဌက အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် ညှိနှိုင်း၍ ဆုံးဖြတ်သတ်မှတ်ပါသည်။ အစဉ်အလာပုံစံအားဖြင့် ကိုယ်စားလှယ်အဖွဲ့တွင် ဝါရင့်ကိုယ်စားလှယ်များ၊ သက်ငယ်ပိုင်း ကိုယ်စားလှယ်များ၊ အမျိုးသားကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များ ပူးပေါင်း ပါဝင် ဖွဲ့စည်းထားပါသည်။ ယခင် ညီလာခံများကို တက်ရောက်ခဲ့သူများလည်း ပါဝင်ပါသည်။

၁၀၄။ လွှတ်တော် အတွင်းရေးမှူးရုံးမှ ဝန်ထမ်း (၂) ဦးက AIPA အထွေထွေညီလာခံ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းများကို အထောက်အကူပြု ဆောင်ရွက်ပေးပါသည်။ ညီလာခံမတိုင်မီ ကာလတွင် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် AIPA ညီလာခံတွင် ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် သက်ဆိုင်သည့် လက်ရှိနောက်ဆုံး ဖြစ်ပေါ်နေသော ကိစ္စရပ်များဆိုင်ရာ အကျဉ်းချုပ် ရှင်းလင်း

---

[63] AIPA အဖွဲ့ဝင်လွှတ်တော်များ၏ နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

တင်ပြချက်များကို ဝန်ကြီးဌာနများထံမှ ရယူပါသည်။ AIPA ညီလာခံ ဆုံးဖြတ်ချက် မူကြမ်းများကို သိရှိနိုင်ရန်နှင့် ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနများထံသို့ ပေးပို့ပါသည်။

## ASEAN တွင် ပါဝင်ဆောင်ရွက်မှု

၁၀၅။ စင်ကာပူလွှတ်တော်တွင် အာဆီယံမူဝါဒများနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့် ကော်မတီ (သို့မဟုတ်) လုပ်ငန်းစနစ် သီးခြားမရှိပါ။ အာဆီယံဆိုင်ရာ မည်သည့်ကိစ္စကိုမဆို လွှတ်တော်တွင် တင်ပြပါသည်။ ကော်မတီအဆင့်တွင် တင်ပြခြင်း မရှိပါ။[64]

## နိဂုံး

၁၀၆။ စင်ကာပူနိုင်ငံလွှတ်တော်သည် အခြား Westminster လွှတ်တော်အများစုနှင့် သိသာသော ကွဲလွဲချက်မှာ နိုင်ငံခြားရေး၊ စီးပွားရေး၊ လူမှုရေးကဲ့သို့သော အစိုးရမူဝါဒနယ်ပယ်များကို လွှမ်းခြုံထားသည့် ကဏ္ဍအလိုက် အမြဲတမ်းကော်မတီများ၊ သက်ဆိုင်ရာအစိုးရ ဝန်ကြီးဌာနများ/ အေဂျင်စီများကို စိစစ်သည့် ကဏ္ဍအလိုက် အမြဲတမ်းကော်မတီများ မရှိခြင်း ဖြစ်ပါသည်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်း တစ်စိတ်တစ်ပိုင်းမှာ အနည်းဆုံးအနေဖြင့် ၁၉၆၃ ခုနှစ် လွတ်လပ်ရေးရချိန်မှစ၍ အချိန်တိုင်းတွင် တူညီသော နိုင်ငံရေးပါတီဖြစ်သည့် ပြည်သူ့လှုပ်ရှားမှုပါတီက အုပ်ချုပ်လာခဲ့ခြင်း၊ အတိုက်အခံ ပါတီများသည် လွှတ်တော်တွင် အားနည်းသော ကိုယ်စားပြုမှုသာ ရှိခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ [65]

၁၀၇။ စင်ကာပူနိုင်ငံလွှတ်တော်၏ လုပ်ငန်းတာဝန်များသည် ဥပဒေပြုရေးအပါအဝင် နိုင်ငံ၏ ဘဏ္ဍာငွေကို ထိန်းချုပ်ခြင်း၊ ဝန်ကြီးများ၏ တာဝန်ယူနိုင်စွမ်းတို့ကိုပါ သေချာစေသည်။[66] အစိုးရအဖွဲ့ဝင် ဝန်ကြီးအားလုံးသည် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သောကြောင့် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအကြားတွင် ထွေးရောယှက်တင်ဖြစ်မှုများစွာ ရှိပါသည်။ သို့ရာတွင် အစိုးရဖွဲ့နိုင်သော ပါတီသည် လွှတ်တော်ကို လွှမ်းမိုးထားသောကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းတို့အတွက် လိုအပ်ပါက အစိုးရဌာနများထံမှ အချက်အလက်များကို လွယ်ကူစွာ ရရှိနိုင်ပါသည်။[67] စင်ကာပူနိုင်ငံတွင် အာဏာရပါတီ၏ အင်အားကြီးသောလွှမ်းမိုးမှုသည် ဥပဒေကြမ်း စိစစ်ဆွေးနွေးရာတွင် ပညာရပ်ဆိုင်ရာ ဆွေးနွေးခြင်း အများဆုံးဖြစ်စေပြီး ပါတီစွဲအရ ငြင်းခုံမှုများကို လျှော့ချထားနိုင်ပါသည်။ စင်ကာပူနိုင်ငံတွင် လွှတ်တော်က ဥပဒေကြမ်း တင်သွင်းမှုမရှိသလောက် နည်းပါးပြီး၊

[64] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

[65] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ စက်တင်ဘာ၊၂၀၁၅

[66] Available from, http://everything.explained.today/Parliament_of_Singapore (viewed 10 March 2017)

[67] AIPA အဖွဲ့ဝင်လွှတ်တော်များ၏နိုင်ငံရေးစနစ်များနှင့် လွှတ်တော်စနစ်များဆိုင်ရာ သတင်းအချက်အလက်များ

ပါတီတစ်ခုကလွှမ်းမိုးမှုသည် အစိုးရအဖွဲ့တွင် မပါဝင်သော ပါတီများအနေဖြင့် ဥပဒေကြမ်းများကို ပြင်ဆင်ရန်နှင့် အစိုးရ မူဝါဒများအပေါ် ဩဇာသက်ရောက်နိုင်ရန် စွမ်းရည်ကို ကန့်သတ်ထားပါသည်။[68]

[68] Dr.Stephen Sherlock, AIPA အဖွဲ့ဝင်လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်မျာက်တင်ဘာ၊၂၀၁၅

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင် သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်စာကြည့်တိုက်ဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -

သုတေသနနှင့်စာကြည့်တိုက်ဌာန -

ဇမ္ဗူသီရိဆောင် - ပထမထပ်
တယ်လီဖုန်း - ၀၆၇-၅၉၁၂၇၆
၀၆၇-၅၉၁၄၁၇

Research Dept; Email - research.pds@gmail.com